ကြေးမုံ
The Mirror
၁၃၇၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက်၊ အင်္ဂါနေ့၊ (15-5-2012) (၇၁၂၁)

**စစ်မှန်သော မျိုးချစ်စိတ်ဓာတ်**

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

## ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာအီမြောင်ဘတ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုကြိုဆို

**နေပြည်တော်  မေ  ၁၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် နေပြည်တော်သို့ ရောက်ရှိနေသည့် ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာအီမြောင်ဘတ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားကို ယနေ့ ညနေ ၅ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဥပစာမြက်ခင်းပြင်၌ကျင်းပသည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ❐

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာအီမြောင်ဘတ်တို့ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်။**

(သတင်းစဉ်)





# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

## ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာအီမြောင်ဘတ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



နေပြည်တော်  မေ  ၁၄

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နေပြည်တော်၌ ရောက်ရှိနေသည့် ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာအီမြောင်ဘတ်ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၅ နာရီ မိနစ် ၂၀ တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**

ထိုသို့လက်ခံတွေ့ဆုံရာ၌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးညွန့်လှိုင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာအီမြောင်ဘတ်နှင့်အတူ နိုင်ငံခြားရေးနှင့်

**စာမျက်နှာ ၈ ကော်လံ ၄ သို့** ❍

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာအီမြောင်ဘတ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)

ကြေးမုံစာတည်းရှေထောင့်

၁၅-၅-၂၀၁၂[အင်္ဂါနေ့]။

# ချိုသာယဉ်ကျေး ဆက်ဆံရေး

လူတစ်ဦးတစ်ယောက်သည် ပညာမည်မျှတတ်တတ်၊ ဥပမာ-စက်မှုလက်မှုပညာ၊ စီးပွားရေးပညာ၊ သိပ္ပံပညာနှင့်ဝိဇ္ဇာပညာစသောပညာတို့အပြင် ဘွဲ့များအထပ်ထပ်အခါခါရသော်ငြားလည်း မှန်ကန်ယဉ်ကျေးချိုသာအေးဟူသည့် နှုတ်မှုပညာမတတ်လျှင်မူ လူတို့၏ အထင်ကြီးလေးစားမှုမခံရဘဲ လုပ်ငန်းအရာတွင် အောင်မြင်မှုများရလိမ့်မည် မဟုတ်ချေ။

မှန်မှန်ကန်ကန် ယဉ်ယဉ်ကျေးကျေး ပြောဆိုဆက်ဆံတတ်ခြင်းသည် ကြီးပွားချမ်းသာမှုကို လိုလားကြသည့် လူတိုင်းတွင်ရှိထားရမည့် အရည်အချင်းကောင်းတစ်ခုပင်ဖြစ်သည်။

"ချစ်စေလိုခံတွင်း လက်လေးသစ်၊ မုန်းစေလိုခံတွင်း လက်လေးသစ်" ဆိုသည့် ရှေးလူကြီးများသင်ပြခဲ့သည့် စကားပုံကဲ့သို့ မိမိကိုယ်ချစ်ခင်အောင်ပြုလုပ်ပေးခြင်းသည်လည်း နှုတ်ပင်ဖြစ်သည်။ မိမိကိုယ် မုန်းအောင်ပြုလုပ်ပေးခြင်းသည်လည်း ထိုနှုတ်ခံတွင်းပင်ဖြစ်သည်။ ချိုသာစွာပြောဆိုတတ်သည့်သူသည် ကိုယ့်အပေါ်အမြင်မကြည်လင်ရှိသည့် ရန်သူများကပင် မိမိကို လေးစားလာရစေသည်။ မိတ်ဆွေပေါများ လာစေပါသည်။

ရှေးလူကြီးများနှင့် ဆရာတော်ကြီးများ၏ တရားတော်များတွင် "နှုတ်ကောင်းလျှင်ပြည်စိုးသည်"ဟု ဆိုထားသည်။ ထိုဆုံးမစကားသည် လူမှုပတ်ဝန်းကျင်တွင် အလွန်သင့်လျော်ကောင်းမွန်သည့် ဆောင်ပုဒ်လေးဖြစ်သည်။ လူသားတိုင်းလိုက်နာကျင့်သုံးနိုင်လျှင် ထူးကဲကြီးမြတ်သည့် ကောင်းကျိုးစီးပွားကိုလည်းရနိုင်မည်။ ထို့အပြင် သူတစ်ပါးတို့၏ ယုံကြည်အားထားခြင်းကိုလည်း ခံရတတ်ပြီး ဩဇာအာဏာလည်း တည်နိုင်သကဲ့သို့ မိမိပြောကြားသည့် စကားတစ်လုံးသည် အလွန်အရာရောက်နိုင်ပေသည်။

သို့သော် လောကတွင် ပြောသင့်သည့်စကား၊ မပြောသင့်သည့်စကားများလည်း ရှိပါသေးသည်-

၁-မဟုတ်မမှန်အကျိုးမရှိ၊ သူတစ်ပါး မနှစ်သက်သောစကား။

၂-မဟုတ်မမှန်အကျိုးမရှိ၊ သူတစ်ပါး နှစ်သက်သောစကား။

၃-ဟုတ်မှန်အကျိုးမရှိ၊ သူတစ်ပါး မနှစ်သက်သောစကား။

၄-ဟုတ်မှန်အကျိုးမရှိ၊ သူတစ်ပါး နှစ်သက်သောစကား။

၅-ဟုတ်မှန်အကျိုးရှိ၊ သူတစ်ပါး မနှစ်သက်သောစကား။

၆-ဟုတ်မှန်အကျိုးရှိ၊ သူတစ်ပါး နှစ်သက်သောစကား။

ဟူ၍ စကားခြောက်ခွန်းလှူ၌ထွန်း၊ လေးခွန်းကိုမျှော၊ နှစ်ခွန်းပြောဟု ရှေးပညာရှိသူတော်ကောင်းများက ဆိုမိန့်ခဲ့သည်။ ထိုနှစ်ခွန်းသောစကားသည် အမှတ်စဉ်(၅)နှင့် (၆) ဖြစ်သော်လည်း အမှတ်(၆) စကားသည်သာ အကောင်းဆုံးသောစကားဖြစ်ပြီး အမှတ်(၁) စကားသည်အဆိုးဆုံးစကားဖြစ်သည်။

ရှောင်ကြဉ်ရမည့် စကားကိုရှောင်ပြီး ပြောရမည့်စကားများပြောလျှင် မိဘနှင့်သားသမီး၊ ဆရာနှင့်တပည့်၊ လင်နှင့်မယား၊ ဆွေမျိုးမိတ်သင်္ဂဟ အချင်းချင်းနှစ်ဦးနှစ်ဖက် စိတ်ကြည်လင်ချမ်းမြေ့ ပျော်ရွှင်ဖွယ်ရာများနှင့် ကြုံတွေ့ရမည်သာဖြစ်သည်။

ရှောင်ရမည့်စကားများကို မရှောင်ဘဲ လက်ခံကျင့်သုံးပြောဆိုနေမည်ဆိုလျှင် လူမုန်းလည်းများမည်။ ပြောသူကိုယ်တိုင်လည်း ကိုယ့်ကိုယ်ကိုယ် စိတ်လက်မရှင်းဘဲ လိပ်ပြာမသန့်ဖြစ်နေမည်ဖြစ်သည်။

ယခုခေတ်တွင် ဈေးရောင်းဈေးဝယ်သူများ၊ ခရီးသွားလုပ်ငန်းဖြစ်သည့် ယာဉ်မောင်းများ၊ ဝန်ထမ်းများအားလုံးသည် နိုင်ငံတကာနှင့်ဆက်ဆံရေးအပိုင်းများ ကျယ်ပြန့်လာသည့်အတွက် ထိုစကားပြောချိုသာပြေပြစ်ယဉ်ကျေးစွာပြောဆိုဆက်ဆံတတ်ဖို့လိုအပ်နေပြီ ဖြစ်ပါကြောင်း။ ။

## အထူးအယူခံခုံရုံး တရားမ အထူးအယူခံမှု(၁၂)မှုကို စီရင်ချက်ချမှတ်၊ (၅)မှုကိုကြားနာ

**နေပြည်တော် မေ ၁၄**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးမြသိမ်း၊ ဦးမြင့်ဟန်တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ရုံးထိုင်၍တရားမ အထူးအယူခံမှု(၁၂)မှုကို စီရင်ချက်ချမှတ်ခဲ့သည်။ ထို့အပြင် တရားမအထူး အယူခံမှု(၅)မှုကို ကြားနာခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းအား ကမ္ဘာ့ဘဏ်မှ Country Director တွေ့ဆုံ

နေပြည်တော် မေ ၁၄

**ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းအား ကမ္ဘာ့ဘဏ်မှ** Country Director Ms. Annette Dixon **ဦးဆောင်သောအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။**



ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံအစိုးရ၏ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ချက်များအပေါ် ကမ္ဘာ့ဘဏ်မှ ကူညီဆောင်ရွက်ပေးမှုအခြေအနေများ၊ ကမ္ဘာ့ဘဏ်အပြင် ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ပူးပေါင်းပါဝင်ဆောင်ရွက်လာမှု အခြေအနေများ၊ အနာဂတ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အလားအလာများနှင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။**(ယာပုံ)**

ယင်းသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဦးဝင်းသန်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## စက်ပြင်သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် မေ ၁၄**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်သည် ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးပရဟိတ(ကျား)ကျောင်း ဒက္ခိဏဆောင်၌ကျင်းပသည့် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနက ဖွင့်လှစ်သော အသက်မွေးမှု ပညာသင်တန်း (စက်ပြင်/ အလုပ်ရုံ) သင်တန်းအမှတ်စဉ်(၁၃) စက်ပြင်သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

ယခုဖွင့်လှစ်လိုက်သောသင်တန်းတွင် အကြောင်းအမျိုးမျိုးကြောင့် အခြေခံပညာအထက်တန်း ပြီးဆုံးအောင်သင်ယူနိုင်ခြင်းမရှိသော နယ်စပ်ဒေသအသီးသီးမှ တိုင်းရင်းသားလူငယ် ၄၇ ဦးအား သင်တန်းကာလရက်သတ္တ ၁၆ ပတ်ကြာ သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက စက်ပြင်အဆင့်-၃နှင့် လျော်ညီသော သင်တန်းဆင်းအောင်လက်မှတ် ချီးမြှင့်ပေးကြောင်းနှင့် သင်တန်းကာလအတွင်း သင်တန်းသားများ၏ နေထိုင်စားသောက်ရေးနှင့် သင်ထောက်ကူပစ္စည်းများကို ဝန်ကြီးဌာနက ထောက်ပံ့ပေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင် အသက်မွေးမှု ပညာသင်တန်း (စက်ပြင်/ အလုပ်ရုံ) သင်တန်းအမှတ်စဉ်(၁၃) စက်ပြင်သင်တန်းဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

## ကလေးဗဟိုပြုသင်ယူမှု ချဉ်းကပ်နည်းဆိုင်ရာ မူလတန်းဆရာများ သင်တန်းဖွင့်

**နေပြည်တော် မေ ၁၄**

ကလေးဗဟိုပြုသင်ယူမှု ချဉ်းကပ်နည်းဆိုင်ရာ မူလတန်းဆရာများ သင်တန်းဖွင့်ပွဲအခမ်းအနားကို နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ မေ ၁၂ ရက်နံနက် ၉နာရီတွင်ပြုလုပ်ရာ သင်တန်းဖွင့်ပွဲတွင် မြို့နယ်ပညာရေးမှူး ဦးအောင်ကိုနှင့် မန္တလေးပညာရေးကောလိပ် မှ ဗဟိုနည်းပြဆရာမကြီး ဒေါ်ငွေးကြည်တို့က အမှာစကားပြောကြားကြသည်။

သင်တန်းကာလမှာ မေ ၁၂ရက်မှ ၂၂ ရက်ထိဖြစ်ပြီး သင်တန်းသား ၄၁၈ ဦး တက်ရောက်ကြကြောင်းသိရသည်။ (၅၆၄)

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေ

**ပြည် မေ ၁၄**

ပဲခူးတိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ လမ်းညွှန်မှုနှင့်အညီ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ပြည်ခရိုင် ပေါင်းတည်မြို့နယ် ရန်ကုန်-ပြည် ကားလမ်းမပေါ်၌ ပေါင်းတည်မြို့နယ်ရဲတပ်ဖွဲ့စခန်းမှ မြို့နယ်ရဲတပ်ဖွဲ့မှူးဒုတိယရဲမှူး စံဝေနှင့် စခန်းမှူးရဲအုပ်လှထွန်းတို့ ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များနှင့်အတူ မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်စီးနင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေး လက်ကမ်းစာစောင်များ ဝေငှခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းမြေစိုက်ပိုစတာများ စိုက်ထူခြင်း၊ မော်တော်ဆိုင်ကယ်စီးနင်းသူများအား ဆိုင်ကယ်စီးဦးထုပ်ဆောင်းရန် အထူးသတိပေးခြင်းများကို မေ ၁၄ ရက် နံနက်ပိုင်းက အဆိုပါမြို့နယ် လမ်းဆုံလမ်းခွများ၌ မှုခင်းများလျော့နည်းကျဆင်းရေးအတွက် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပညာပေးကာလအား မေ ၃၁ ရက်အထိသတ်မှတ်ဆောင်ရွက်ပြီး ဇွန် ၁ ရက်မှစ၍ စည်းကမ်းပျက်ယာဉ်များအား တရားရုံးတွင်တရားစွဲဆို ဒဏ်ငွေပေးဆောင်စေပြီး တိုင်းဒေသကြီးယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၏ စီမံခန့်ခွဲမှုဖြင့် ဒဏ်ကြေးပေးဆောင်စေမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်ထားပြီး မော်တော်ယာဉ်မောင်းနှင်သူများနှင့် ဆိုင်ကယ်စီးနင်းသူ ပြည်သူများသိရှိနိုင်ရန် အသိပေးနှိုးဆော်ထားကြောင်း သိရသည်။ (၆၀၇)

## မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၅-၅-၂၀၁၂ (အင်္ဂါနေ့)

| | | |
|---|---|---|
| ၇း၀၅ | တရားတော် | |
| ၈း၁၅ | ဇာတ်လမ်းတို | |
| ၄း၃၀ | အလွမ်းတေးပန်းချီချစ်သူဆီ | |
| ၄း၃၅ | အင်္ဂလိပ်စာသုတ | |
| ၅း၀၀ | သာယာသီကြွေး ခေတ်ဆန်းတေး | |
| ၆း၂၅ | Guide for You | |
| ၆း၃၀ | အောင်မြင်ခြင်းလမ်းမ | |
| ၇း၀၀ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ထောင်စုနှစ်သမီးပျို"** | **(အပိုင်း-၁၈)** |
| | | - ဟာသရုပ်စုံ |
| | | - သီချင်းလက်ဆောင် |
| | | - ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင် |
| | | **- ရသစုံလင် ရုပ်မြင်ဇာတ်လမ်း "တမလွန်မှပြောသောစကား" (အပိုင်း-၂၂)** |
| | | - Mini Series |

## မန္တလေးကုန်စည်ဈေးနှုန်း

၁၄-၅-၂၀၁၂

**ရွှေဈေး**

| | |
|---|---|
| အခေါက်ရွှေ(အဆင့်-၁) | ၇၀၁၀၀၀ |
| အခေါက်ရွှေ(အဆင့်-၂) | ၆၉၈၀၀၀ |
| ရွှေဒင်္ဂါး(ရွှေရည်မီ) | ၆၂၈၀၀၀ |

**ဆန်ဈေး (သန့်စင်ပြီး တစ်တင်းခွဲအိတ်ဈေးနှုန်း)**

| | |
|---|---|
| ပေါ်ဆန်းမွှေး | ၂၈၀၀၀/၃၀၀၀၀ |
| ရွှေဘိုမနော် | ၁၈၅၀၀/၂၀၀၀၀ |
| မဂျမ်းတော | ၂၀၀၀၀ |
| စောရှုပ်(ဟောင်း) | ၂၅၀၀၀ |
| စောရှုပ်(သစ်) | ၂၁၀၀၀ |
| ပေါ်ကျွဲ(ဟောင်း) | ၂၂၀၀၀ |
| ပေါ်ကျွဲ(သစ်) | ၁၉၅၀၀ |
| ဧယာ(ဟောင်း) | ၂၁၅၀၀ |
| ဧယာ(သစ်) | ၁၅၅၀၀/၁၆၅၀၀ |
| ရှားမင်း(သစ်) | ၁၈၅၀၀/၁၉၀၀၀ |
| B.G | ၁၄၀၀၀/၁၅၀၀၀ |
| ငစိန်(သစ်) | ၁၃၅၀၀/၁၅၀၀၀ |
| ၇၄၇ | ၁၂၅၀၀/၁၄၀၀၀ |
| သုခ-မတ္တရာ(သစ်) | ၁၃၀၀၀/၁၃၅၀၀ |
| ရွှေသွယ်(သစ်) | ၁၄၀၀၀/၁၅၀၀၀ |
| မှော်ဘီ(သစ်) | ၁၆၀၀၀/၁၇၅၀၀ |
| ဆန်ကွဲ | ၁၀၀၀၀ |

**ဆီဈေး**

| | |
|---|---|
| ပဲဆီ | ၃၆၀၀/၄၂၀၀ |
| နှမ်းဆီ | ၂၉၀၀/၂၉၅၀ |
| ပန်းနှမ်းဆီ | ၂၆၅၀/၂၆၅၀ |
| နေကြာဆီ | ၂၅၀၀/၂၆၀၀ |
| မုန်ညင်းဆီ | ၂၄၀၀ |
| ပဲပုပ်ဆီ | ၁၉၀၀ |
| ဝါစေ့ဆီ | ၁၇၀၀/၁၇၅၀ |
| စားအုန်းဆီ | ၂၀၀၀/၂၀၂၀ |
| ကြက်ဆူဆီ | ၂၉၀၀ |

**သကြားဒိုင်ဈေးနှုန်း**

| | |
|---|---|
| ခါသကြား | ၅၆၀/၅၈၀ |
| ပွတ်သား | ၄၅၀/၄၇၀ |
| ခါရေ | ၂၄၀/၂၅၀ |
| ပေါင်းရေ | ၂၁၀/၂၂၀ |

**ပေါင်းသကြားစက်ရုံဈေး**

| | |
|---|---|
| ထိပ်စA | ၈၈၀ |
| အောက်C | ၈၅၀ |

**စက်သုံးဆီ**

| | |
|---|---|
| ရေနံစိမ်း(တစ်စည်) | ၁၁၂ ဒသမ ၀၄ ဒေါ်လာ |
| ဓာတ်ဆီ(တစ်ဂါလန်) | ၃၇၀၀/၄၂၀၀ |
| ဒီဇယ်ဆီ(တစ်ဂါလန်) | ၄၂၀၀/၄၃၀၀ |

(၀၀၂)

## အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁၄ - ၅ -၂၀၁၂

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| မြန်မာ(ကျပ်) | ၈၂၈. ၀၀၀ | ၀. ၀၀၁၂၁ |
| ထိုင်း (ဘတ်) | ၃၁. ၃၄၅၀ | ၀. ၀၃၁၉၀ |
| တရုတ် (ယွမ်) | ၆. ၃၂၂၄၆ | ၀. ၁၅၈၁၇ |
| အိန္ဒိယ (ရူပီး) | ၅၃. ၉၂၅၂ | ၀. ၀၁၈၅၄ |
| မလေးရှား (ရင်းဂစ်) | ၃. ၀၈၃၈၈ | ၀. ၃၂၄၂၇ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၂၅၇၅၃ | ၀. ၇၉၅၁၂ |
| ဂျပန် (ယန်း) | ၇၉. ၇၉၇၉ | ၀. ၀၁၂၅၃ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၅၀. ၉၁ | ၀. ၀၀၀၈၇ |
| ယူရို | ၀. ၇၇၈၇၉ | ၁. ၂၈၄၀၄ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၂၂၀၅ | ၁. ၆၀၇၅၈ |

*အင်တာနက်။*

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် တရုတ်အမျိုးသားကော်မတီ၏ ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံညီလာခံ ဒုတိယဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၁၄**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် တရုတ်အမျိုးသားကော်မတီ၏ ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံညီလာခံ ဒုတိယဥက္ကဋ္ဌ မစ္စတာ ဝမ်ဂန်းအားယနေ့မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာ-တရုတ်နှစ်နိုင်ငံအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ခဲ့မှုများ၊ နိုင်ငံတကာအရေးကိစ္စရပ်များတွင် နီးကပ်စွာ လက်တွဲဆောင်ရွက်နေမှုများ၊ နှစ်နိုင်ငံသံတမန်ဆက်ဆံရေး နှစ်(၆၀) ကာလအတွင်း အပြန်အလှန် ချစ်ခင်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ခဲ့မှုများ၊ လွှတ်တော်၏ ဆောင်ရွက်ချက်များ၊ ပြည်သူတို့၏ အနာဂတ်လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မြင့်မားရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ပြုပြင်ပြောင်းလဲကြိုးပမ်းဖော်ဆောင်မှုများ၊ ပြည်ထောင်စုအတွင်း ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် ကြိုးပမ်းဆောင်ရွက်နေမှုများ၊ ဆင်းရဲမှုလျှော့ချရေး ဆောင်ရွက်နေမှုများ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးတွင် အားလုံးပါဝင်မှုရရှိရေးအတွက် ဆောင်ရွက်မှုများနှင့် အမျိုးသားနိုင်ငံရေးဖြစ်စဉ်များ တိုးတက်အောင်မြင်မှုများအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ ကော်မတီဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် တရုတ်အမျိုးသားကော်မတီ၏ ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံညီလာခံ ဒုတိယဥက္ကဋ္ဌ မစ္စတာ ဝမ်ဂန်းနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီကျွင်းဟွာနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

## လက်ခံတွေ့ဆုံ

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် တရုတ်အမျိုးသားကော်မတီ၏ ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံညီလာခံ ဒုတိယဥက္ကဋ္ဌ မစ္စတာ ဝမ်ဂန်းအား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)






**နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် အီဂျစ်နိုင်ငံ ရှမ်အယ်လ်ရှိတ်မြို့၌ ကျင်းပသည့် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ ညှိနှိုင်းရေးဗျူရို၏ ဝန်ကြီးများအဆင့် အစည်းအဝေးသို့ တက်ရောက်စဉ်။** (သတင်းစဉ်)

# ဘက်မလိုက်လှုပ်ရှားမှုနိုင်ငံများ၏ အကျိုးစီးပွားကို ထိန်းသိမ်းမြှင့်တင်နိုင်ရေး ဘက်မလိုက်လှုပ်ရှားမှုအား ပိုမိုခိုင်မာအောင် ဆောင်ရွက်သွားရန်လိုအပ်

နေပြည်တော် မေ ၁၄

**ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ ညှိနှိုင်းရေးဗျူရိုဥက္ကဋ္ဌနှင့် အီဂျစ်အာရပ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ မိုဟာမက် ကာမယ်လ်အာမာ၏ ဖိတ်ကြားချက်အရ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် မေ ၉ ရက်မှ ၁၀ ရက်အထိ အီဂျစ်နိုင်ငံ ရှမ်အယ်လ်ရှိတ်မြို့၌ ကျင်းပခဲ့သည့် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ ညှိနှိုင်းရေးဗျူရို၏ ဝန်ကြီးများအဆင့် အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။**

အဆိုပါ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ ညှိနှိုင်းရေးဗျူရို၏ ဝန်ကြီးများအဆင့် အစည်းအဝေးကို ရှမ်အယ်လ်ရှိတ်မြို့ရှိ Maritim International Congress Centre ၌ ကျင်းပရာ ဘက်မလိုက်အဖွဲ့ဝင် ၁၀၂ နိုင်ငံမှ ဝန်ကြီး၊ ဒုတိယဝန်ကြီးများဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ၁၀၂ ဖွဲ့ အပါအဝင် ဧည့်သည်/လေ့လာသူ နိုင်ငံ ၃၀ နှင့် ကုလသမဂ္ဂနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းကိုးခုမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့သည်။

အဆိုပါ အစည်းအဝေးတွင် မြန်မာကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် မေ ၉ ရက်တွင် ကျင်းပသော မျက်နှာစုံညီအစည်းအဝေး၌ မူဝါဒရေးရာ မိန့်ခွန်းတစ်ရပ် ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီး၏ မိန့်ခွန်းတွင် မြန်မာနိုင်ငံသည် ဘက်မလိုက်လှုပ်ရှားမှု၏ မူလအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲမှုကို လေးစားရေး၊ အခြားနိုင်ငံများ၏ ပြည်တွင်းရေးကို ဝင်ရောက်မစွက်ဖက်ရေး၊ အငြင်းပွားမှုမှန်သမျှကို ငြိမ်းချမ်းစွာ ဖြေရှင်းရေးနှင့် အခြားနိုင်ငံများအပေါ် လက်နက်ဖြင့် ခြိမ်းခြောက်၊ ရန်ပြုမှုမပြုရေး စသည့် ဘက်မလိုက်လှုပ်ရှားမှု၏ အခြေခံမူများကို အစဉ်တစိုက် လေးစားလိုက်နာလျက်ရှိကြောင်း၊ ရှုပ်ထွေးခက်ခဲသည့် စိန်ခေါ်မှုအသစ်များနှင့် ရင်ဆိုင်နေရသော မျက်မှောက်နိုင်ငံတကာဆက်ဆံရေး အခြေအနေတွင် ဘက်မလိုက်လှုပ်ရှားမှုသည် ချမ်းသာကြွယ်ဝပြီး ဩဇာအာဏာကြီးမားသည့် နိုင်ငံများ၏ လွှမ်းမိုးခြယ်လှယ်ခြင်းမှ ဖွံ့ဖြိုးဆဲနိုင်ငံများအား ကာကွယ်စောင့်ရှောက်သည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် ဆက်လက်ရပ်တည်နိုင်ခဲ့ကြောင်း၊ သို့ဖြစ်ရာ ဘက်မလိုက်လှုပ်ရှားမှုနိုင်ငံများ၏ အကျိုးစီးပွားကို ထိန်းသိမ်းမြှင့်တင်နိုင်ရေးအတွက် ဘက်မလိုက်လှုပ်ရှားမှုအား ပိုမိုခိုင်မာအောင် ဆောင်ရွက်သွားရန် လိုအပ်ကြောင်းဖြင့် ပြောကြားခဲ့သည်။ ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံ၏ မျက်မှောက်နိုင်ငံရေး ဖြစ်ပေါ်တိုးတက်မှုများ၊ ပြည်သူများ၏ လူမှုစီးပွားရေးဘဝ တိုးတက်စေရန် နိုင်ငံတော်အစိုးရက အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို အသိပေးပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် အစည်းအဝေးတက်ရောက်နေစဉ်ကာလအတွင်း ဆာဗီးယားနိုင်ငံ၊ အာမေးနီးယားနိုင်ငံ၊ ပါလက်စတိုင်း အာဏာပိုင်အဖွဲ့တို့မှ နိုင်ငံခြားရေးဝန်ကြီးများ၊ ကာဂျစ်ကစ္စတန်၊ ကာဇက်စတန်၊ ကိုရီးယားသမ္မတနိုင်ငံ၊ ဘယ်လာရုစ်နိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများနှင့် ချူကလီးယားစမ်းသပ်မှု လုံးဝပိတ်ပင်တားဆီးရေးစာချုပ်အဖွဲ့၏ အမှုဆောင်အတွင်းရေးမှူးတို့အား သီးခြားစီတွေ့ဆုံပြီး နှစ်ဖက်အကျိုးတူကိစ္စရပ်များကို ဆွေးနွေး၍ အမြင်ချင်းဖလှယ်ခဲ့သည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံသည် အာရှနှင့်ပစိဖိတ်နိုင်ငံများအုပ်စုမှ ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသဖြင့် ပြည်ထောင်စုဝန်ကြီးသည် မေ ၁၀ ရက် မွန်းလွဲပိုင်း မျက်နှာစုံညီအစည်းအဝေး၌ အလှည့်ကျသဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။

ဘက်မလိုက်လှုပ်ရှားမှု ညှိနှိုင်းရေးဗျူရို၏ ဝန်ကြီးများအဆင့် အစည်းအဝေးမှ ရှမ်အယ်လ်ရှိတ် အပြီးသတ်စာတမ်း၊ ပါလက်စတိုင်းနှင့်ပတ်သက်သည့် ကြေညာချက်နှင့် အာဖရိက အမျိုးသားကွန်ဂရက်တည်ထောင်မှု နှစ်(၁၀၀)ပြည့်အထိမ်းအမှတ်ကြေညာချက်တို့ကို အတည်ပြုခဲ့သည်။

ဘက်မလိုက်လှုပ်ရှားမှု ညှိနှိုင်းရေးဗျူရိုဝန်ကြီးများအဆင့် အစည်းအဝေး မတိုင်မီ မေ ၇ ရက်မှ ၈ ရက်အထိ အဆင့်မြင့်အရာရှိကြီးများ၏ အစည်းအဝေးကိုလည်း ကျင်းပခဲ့သည်။ (သတင်းစဉ်)

# လယ်ယာစိုက်ပျိုးရေးသုံးထွန်စက်များ တောင်သူများစိတ်ဝင်စား

**နေပြည်တော် မေ ၁၄**

ယခုရက်ပိုင်းအတွင်း အိန္ဒိယ-မြန်မာ ချစ်ကြည်ရေးအဖြစ်ပေးပို့သည့် လယ်ယာသုံးစပါးရိတ်သိမ်းစက် New Holland-4010 ထွန်စက်များကို ရန်ကုန်-မန္တလေး ကားလမ်းအတိုင်း တိုင်းဒေသကြီးနှင့် ပြည်နယ်ဒေသများသို့ မောင်းနှင်သွားသည့်အခါ**(အောက်ပုံ)** လမ်းဘေးဝဲ/ယာရှိ စပါးစိုက်တောင်သူဦးကြီးများက အလွန်စိတ်ဝင်တစားရှိကြသည်ကို တွေ့ရသည်။

ကယားပြည်နယ်သို့ ထွက်ခွာလာသည့် အဖွဲ့အား ရပ်နားနေစဉ် မေးမြန်းကြည့်ခဲ့ရာ အိန္ဒိယ-မြန်မာချစ်ကြည်ရေး လက်ဆောင်အဖြစ်ပေးပို့သည့် လယ်ယာသုံး Combine KS 9300 စပါးရိတ်သိမ်းခြွေလှေ့စက်များနှင့် New Holland-4010 ထွန်စက်များအား လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသုံးပြုနိုင်ရန် တိုင်းဒေသကြီးများနှင့် ပြည်နယ်အစိုးရများသို့ လိုအပ်ချက်အလိုက် ပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

(၅၇၈)



**သစ် တော သစ် ပင် ဒို့ ချစ် ခင် အ စဉ် စိုက် ပျိုး အ လု တိုး**

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

**၁၅-၅-၂၀၁၂ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ ပရိတ်တရားတော်
- ၇း၃၀ ၂။ နံနက်ခင်းသတင်း
- ၇း၅၀ ၃။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈း၁၀ ၄။ “ရတနာစုံညီနေပြည်တော်ဆီ”
- ၈း၃၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၈း၄၀ ၆။ International News

**ညပိုင်း**

- ၅း၀၀ ၁။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -တတိယနှစ် (ရူပဗေဒအထူးပြု)(ရူပဗေဒ)
- ၅း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၆း၀၀ ၃။ ညနေခင်းသတင်း
- ၆း၁၅ ၄။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၅။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
- ၆း၃၅ ၆။ ဆိုလိုက်ကြစို့
- ၇း၀၀ ၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ဖေဖေ့သမီး”(အပိုင်း-၃)**
- ၈း၀၀ ၈။ ပြည်တွင်းသတင်း
- ၉။ နိုင်ငံတကာသတင်းများ
- ၁၀။ မိုးလေဝသအခြေအနေ
- ၁၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ရှုမငြီးတဲ့ချစ်သမီး” (အပိုင်း-၆)**
- ၁၂။ အိန္ဒိယရုပ်ရှင် “ခေါင်းကိုင်မိခင်”(အပိုင်း-၂)

# အငြင်းပွားရေပြင်အတွင်း ငါးဖမ်းခြင်း ဖိလစ်ပိုင်နှင့် တရုတ်ပိတ်ပင်မည်

မနီလာ မေ ၁၄

**တရုတ်နိုင်ငံက အလွန်အကျွံ ငါးဖမ်းခြင်းကို ထိန်းချုပ်ရန် ကြိုးစားသောအားဖြင့် အငြင်းပွားလျက်ရှိသည့် စကာဗိုရတ်ချ် သောင်စွယ်ပတ်ဝန်းကျင်မှ ရေပြင်၌အပါအဝင် ငါးဖမ်းခြင်းကို ပိတ်ပင်ကြောင်း ကြေညာခဲ့သည်။**

အဆိုပါသောင်စွယ်သည် ၎င်းတို့၏ ပိုင်နက်ရေပြင်အတွင်းမှာရှိသည်ဟု ခံယူထားသဖြင့် မေ ၁၆ ရက်မှ ဩဂုတ် ၁ ရက်ထိ ကြာမြင့်မည့် တရုတ်တို့၏ စီမံချက်ကို အသိအမှတ်ပြုရန် ဖိလစ်ပိုင်နိုင်ငံက ငြင်းဆိုခဲ့သည်။

### တရုတ်ကြေညာချက်ကို ကြိုဆို

သို့သော် ဖိလစ်ပိုင်သမ္မတ ဘီနစ်နို အကွီနိုကမူ ပင်လယ်အတွင်း ငါးကောင်ရေ တိုးပွားလာမည်ဖြစ်သဖြင့် တရုတ်တို့၏ ကြေညာချက်ကို ကြိုဆိုကြောင်း၊ ဖိလစ်ပိုင်ကလည်း အလားတူ တားမြစ်ပိတ်ပင်သည့် ကြေညာချက်ကို ထုတ်ပြန်ကြေညာမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီး အဲလ်ဗက်ဒီလ် ရိုဆာရီယိုက ပြောကြားခဲ့သည်။

တရုတ်တို့က တားမြစ်ပိတ်ပင်သည့် ရေပြင်သည် ၎င်းတို့၏ စီးပွားရေးဇုန်အတွင်း၌ တည်ရှိနေသောကြောင့် ထိုပိတ်ပင်ချက်ကို အသိအမှတ်မပြုကြောင်း ၎င်းက ပြောသည်။

စကာဗိုရတ်ချ် သောင်စွယ်ဝန်းကျင် ရေပြင်တွင် အစိုးရက ကာကွယ်စောင့်ရှောက်ထားသော ငါးမျိုးစိတ်များကို ဝင်ရောက်ဖမ်းဆီးကြသည်ဟု တရုတ်တံငါသည်များကို စွပ်စွဲ၍ ဖိလစ်ပိုင်အစိုးရက ဖမ်းဆီးရန် ကြိုးစားရာ တရုတ်က ဝင်ရောက်ကာကွယ်သည့်အတွက် စကာဗိုရတ်ချ်သောင်စွယ်၏ လိပ်ခဲတည်းလည်း အခြေအနေ စတင်ခဲ့ခြင်းဖြစ်သည်။

**အင်တာနက်။**



**ဖိလစ်ပိုင်ဆိပ်ကမ်းတစ်ခု၌ ဆိုက်ကပ်ထားသော ငါးဖမ်းလှေများကို တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*



# နီပေါ၌ လေယာဉ်ငယ်ပျက်ကျ၊ လူ ၁၄ ဦး သေဆုံး

**ခတ္တမန္ဒူ မေ ၁၄**

အပျော်စီး လေယာဉ်ငယ်တစ်စင်းသည် မေ ၁၄ ရက်က နီပေါနိုင်ငံတောင်တန်းဒေသသို့ ဆင်းသက်ရန်ကြိုးပမ်းစဉ် ပျက်ကျခဲ့ကြောင်း၊ လေယာဉ်ပေါ်လိုက်ပါလာသူ ၂၁ ဦးအနက် ၁၄ ဦးသေဆုံးကြောင်း လေကြောင်းဌာနတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါ လေယာဉ်သည် နီပေါနိုင်ငံအလယ်ပိုင်း ကမ္ဘာလှည့်ခရီးသွားများလာရောက်မှုများသော ဂျွမ်ဆမ်မြို့ရှိ လေဆိပ်သို့ဆင်းသက်ရန် ကြိုးပမ်းစဉ် ပျက်ကျခဲ့ကြောင်း ခတ္တမန္ဒူမြို့ လေကြောင်းထိန်းသိမ်းရေးလုပ်ငန်းမှ ဒုတိယညွှန်ကြားရေးမှူး မူရူဆိုသမ်ရှာကယာက ပြောကြားသည်။

လေယာဉ်ပေါ်၌ လေယာဉ်အမှုထမ်းသုံးဦးနှင့် ခရီးသည် ၁၈ ဦးလိုက်ပါလာပြီး အများစုမှာ အိန္ဒိယနိုင်ငံသားများဖြစ်ကြောင်း ရှာကယာက ပြောကြားသည်။

လိုက်ပါလာသော အိန္ဒိယနိုင်ငံသား ၁၆ ဦးအနက် ၁၃ဦးမှာ သေဆုံးခဲ့သည်ဟု ခတ္တမန္ဒူမြို့ အိန္ဒိယသံရုံးမှ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီး အပေါ်ဗာစရီဗာစတာဗာက ပြောကြားသည်။

လေယာဉ်ပျက်ကျရာမှ အသက်ရှင်ကျန်ခဲ့သူ ခုနစ်ဦးကို ခတ္တမန္ဒူ မြို့ အနောက်ကီလိုမီတာ ၂၀၀ ခန့်အကွာ ပေါ့ခ်ဟာရာမြို့သို့ လေယာဉ်ဖြင့် ပို့ဆောင်ပေးခဲ့သည်ဟု ၎င်းကဆိုသည်။

နီပေါနှင့် အိန္ဒိယနိုင်ငံတို့မှ ဟိန္ဒူဘာသာဝင်များအတွက် မွတ်တီနတ်ဘုရားကျောင်းသို့ သွားရောက်ရာတွင် ဂျွမ်ဆမ်မြို့သည် အဝင်ဝဂိတ်မြို့အဖြစ် တည်ရှိသည်။ ဂျွမ်ဆမ်လေဆိပ်မှ အဆိုပါဘုရားကျောင်းသို့ ခြေကျင်ဖြင့် ခြောက်နာရီကြာအတွင်း ရောက်ရှိနိုင်သည်။ **စီအင်န်အင်န်။**



**အသက်မသေသူတစ်ဦးကို ကယ်ထုတ်ယူလာစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

# အက်ဖ်-၃၅ ဂျက်တိုက်လေယာဉ် ဈေးတက်သော်လည်း ဂျပန်ဝယ်ယူရန် စီစဉ်လျက်ရှိ

**တိုကျို မေ ၁၄**

ရေဒါဖြင့် ထောက်လှမ်းနိုင်ခြင်းမရှိသော အက်ဖ် ၃၅ ဂျက်တိုက်လေယာဉ်ဈေးနှုန်းမှာ မြင့်မားလာသော်လည်း အဆိုပါ လေယာဉ်လေးစင်းကိုဝယ်ယူရန် ဂျပန်နိုင်ငံသည် နောက်လတွင် အမေရိကန်နိုင်ငံနှင့် စာချုပ်ချုပ်ဆိုရန် စီစဉ်လျက်ရှိသည်ဟု ဒေသဆိုင်ရာသတင်းဌာနက မေ ၁၄ ရက်တွင် ဖော်ပြထားသည်။

တစ်စင်းလျှင် အမေရိကန်ဒေါ်လာ ၁၃၈သန်းခန့် တန်ဖိုးရှိသော အဆိုပါဂျက်တိုက်လေယာဉ်များကို ၂၀၁၆ ခုနှစ် ဘဏ္ဍာရေးနှစ်မကုန်မီ ဂျပန်နိုင်ငံသို့ပေးပို့ရန် လျာထားသည်။ လက်ရှိဘဏ္ဍာရေးနှစ်အတွင်း ယင်းလေယာဉ်များအား ဝယ်ယူရန် ဂျပန်အစိုးရသည် အမေရိကန်နိုင်ငံနှင့် စီစဉ်ဆောင်ရွက်လျက်ရှိသည်ဟု ဆင်ဟွာသတင်းတစ်ရပ်၌ ဖော်ပြထားသည်။

ဂျပန်အစိုးရသည် အက်ဖ်-၃၅ ဂျက်တိုက်လေယာဉ်များကို ဝယ်ယူရန် ပြီးခဲ့သည့်နှစ်ဒီဇင်ဘာလတွင် ဆုံးဖြတ်ခဲ့ကြသည်။ လေယာဉ်တစ်စင်းလျှင် (အမေရိကန်ဒေါ်လာ ၁၂၃ သန်းခန့်) ယန်း ၉ဒသမ ၉ ဘီလီယံခန့်သာ ဈေးရှိမည်ဟု ဂျပန်အစိုးရက ကနဦး ခန့်မှန်းထားကြသည်။ အမေရိကန်နိုင်ငံသည် ကာကွယ်ရေးဘတ်ဂျက်လျှော့ချခဲ့သဖြင့် အဆိုပါလေယာဉ်၏ ရောင်းဈေးကို ပြင်ဆင်ရန် ဆုံးဖြတ်ခဲ့ကြပြီးနောက် အက်ဖ်-၃၅ ဂျက်တိုက်လေယာဉ် ဈေးတက်ခဲ့သည်ဟု သိရှိရသည်။**ဆင်ဟွာ။**

# အီရန်နှင့် အိုင်အေအီးအေ ဩစတြီးယား၌ ဆွေးနွေးပွဲကျင်းပ

**တီဟီရန် မေ ၁၄**

အီရန်နိုင်ငံနှင့် နိုင်ငံတကာ အဏုမြူစွမ်းအင် အေဂျင်စီ (အိုင်အေအီးအေ)တို့သည် ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့၌ ဆွေးနွေးပွဲ စတင်ကျင်းပမည်ဟု ပရက်စ်တီဗွီသတင်းတစ်ရပ်၌ ဖော်ပြထားသည်။

အိုင်အေအီးအေနှင့် အီရန်နိုင်ငံတို့ နောက်ဆုံးစေ့စပ်ညှိနှိုင်းပြီး နောက်သုံးလအကြာတွင် ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့၌ မေ ၁၄ ရက်တွင် ဆွေးနွေးပွဲကျင်းပကြမည်ဟု ဖော်ပြထားသည်။

အီရန်နိုင်ငံ မြို့တော်တီဟီရန်၌ ဇန်နဝါရီနှင့် ဖေဖော်ဝါရီလတို့၌ ဆွေးနွေးပွဲနှစ်ကြိမ် ပြုလုပ်ခဲ့ပြီးဖြစ်သည်။

အဆိုပါ ဆွေးနွေးပွဲ၏ အဓိကရည်ရွယ်ချက်မှာ အီရန်နျူကလီးယားစွမ်းအင် အစီအစဉ်နှင့်ပတ်သက်၍ မေးမြန်းဖြေကြားချက်အတွက် မူဘောင်အတွင်းမှ အကြံပြုချက်ပေးရန်ဖြစ်သည်ဟု အိုင်အေအီးအေအဖွဲ့အတွက် အီရန်သံအမတ်အလီက ဧပြီ ၂၇ ရက်တွင် ပြောကြားခဲ့သည်။

အီရန်နှင့် အိုင်အေအီးအေအကြား ဆွေးနွေးပွဲထပ်မံကျင်းပခြင်းသည် မေ ၂၃ ရက်တွင် အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်၌ ထပ်မံကျင်းပမည့် ဆွေးနွေးပွဲအတွက် ပြင်ဆင်ဆောင်ရွက်ခြင်းဖြစ်သည်ဟု သတင်း၌ဖော်ပြထားသည်။

**ပရက်စ်တီဗွီ။**

# ဂျပန်နျူကလီးယားဓာတ်ပေါင်းဖိုများ ပြန်လည်စတင်လည်ပတ်ဖွယ်ရှိ

တိုကျို မေ ၁၄

**နျူကလီးယားဓာတ်အားပေးစက်ရုံတစ်ရုံတည်ရှိသည့် ဂျပန်နိုင်ငံ မြို့တစ်မြို့၌ တနင်္လာနေ့တွင် ကျင်းပသည့် လူထုအစည်းအဝေးက ပိတ်ထားခဲ့သော နျူကလီးယားဓာတ်ပေါင်းဖိုနှစ်လုံးကို ပြန်လည်စတင်လည်ပတ်ရန် လိုအပ်နေပြီဟု သဘောတူကြကြောင်း အစည်းအဝေးသဘာပတိက ပြောကြားသည်။**

ဖူကူရှီးမား ဓာတ်အားပေးစက်ရုံပြဿနာပေါ်ပေါက်ပြီး နောက် နိုင်ငံအတွင်းမှ နျူကလီးယားဓာတ်ပေါင်းဖိုအားလုံးကို ပိတ်ထားခဲ့သည့်အချိန်မှစ၍ ဤကဲ့သို့ လူထု၏ သဘောတူဆန္ဒ ထုတ်ဖော်ပြောကြားလာခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်သည်။

ကန်စိုင်း အီလက်ထရစ်ပါဝါကုမ္ပဏီပိုင်သည့် ဂျပန်နိုင်ငံ အနောက်ပိုင်းရှိ အိုဟီနျူကလီးယားဓာတ်အားပေးစက်ရုံ၏ အမှတ်(၃)နှင့် အမှတ်(၄) ဓာတ်ပေါင်းဖိုများကို လျှပ်စစ်ဓာတ်အားလိုင်း ကွန်ရက်နှင့် မချိတ်ဆက်မီ ထပ်မံဆွေးနွေးညှိနှိုင်းမှု ပြုရန် လိုအပ်သေးသည်။

လျှပ်စစ်ဓာတ်အားမလုံလောက်မှု ဖြစ်ပေါ်နေသော ဒေသများမှ တောင်းဆိုမှုများသည် ယခုနှစ် နွေရာသီ၌ အမြင့်ဆုံးသို့ ရောက်ရှိနေသည်။ နျူကလီးယားဓာတ်ပေါင်းဖိုများ တည်ရှိရာ စီရင်စုများ၊ မြို့များမှ နျူကလီးယားဓာတ်အားပေးစက်ရုံများ ပြန်လည် လည်ပတ်ရန် အတည်ပြုချက်များရရှိရေးအတွက် ဗဟိုအစိုးရက ကြိုးစားလျက်ရှိသည်။

ပြင်ဆင်မှုပြုလုပ်ရန် နောက်ဆုံးနျူကလီးယားဓာတ်ပေါင်းဖို တစ်လုံးကို ပိတ်ခဲ့ပြီးနောက် ဂျပန်နိုင်ငံတွင်ရှိသမျှ နျူကလီးယားဓာတ်ပေါင်းဖိုအားလုံး လည်ပတ်မှု ရပ်ဆိုင်းခဲ့သည်။

ကန်စိုင်း အီလက်ထရစ်ပါဝါကုမ္ပဏီက လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေသော ကန်စိုင်းဒေသတွင်းမှ စီးပွားရေးလုပ်ငန်းများနှင့် စားသုံးသူများကို ယခုနှစ် နွေရာသီအတွင်း ၂၀၁၀ ခုနှစ်နှင့် နှိုင်း၍ ဓာတ်အားသုံးစွဲမှု ၂၀ ရာခိုင်နှုန်း လျှော့ချရန် တောင်းဆိုမည်ဖြစ်သည်ဟု တနင်္လာနေ့က ထုတ်ပြန်သော အစိုးရ ကြေညာချက်မှုကြမ်းတွင် ဖော်ပြထားသည်။ **အင်တာနက်။**

**ကန်စိုင်းလျှပ်စစ်ကုမ္ပဏီ အိုဟိုင်း နျူကလီးယားဓာတ်အားပေးစက်ရုံမှ ဓာတ်ပေါင်းဖိုများကို တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*



# ဂျပန်နိုင်ငံ၌ ဒေါ်လာခြောက်သိန်းကျော်တန် စိန်လက်စွပ်ခိုးယူခံရ

**တိုကျို မေ ၁၄**

ဂျပန်နိုင်ငံအလယ်ပိုင်း နာဂိုယာမြို့ရှိ ကျောက်မျက်ရတနာဆိုင်တစ်ဆိုင်မှ ယန်း ၄၉ သန်း (အမေရိကန်ဒေါ်လာ ၆၁၂၀၄၀) တန်ဖိုးရှိသော စိန်လက်စွပ်တစ်ကွင်းကို ခိုးယူသွားသူများအဖြစ် သင်္ကာမကင်းဖြစ်ရသူ အမျိုးသားနှစ်ဦးကို ရဲတပ်ဖွဲ့က လိုက်လံရှာဖွေလျက်ရှိသည်ဟု ဒေသဆိုင်ရာသတင်းဌာနက မေ ၁၄ ရက်တွင် ဖော်ပြထားသည်။

နာဂိုယာမြို့ မာတုဇာကာယာစတိုးဆိုင်ရှိ ကျောက်မျက်ရတနာကောင်တာမှ အဆိုပါစိန်လက်စွပ်သည် မေ ၁၃ရက်က မည်သူမည်ဝါမှန်းမသိသော အမျိုးသားနှစ်ဦးအား ပြသပြီးနောက် ပျောက်ဆုံးခဲ့သည်ဟု ကျိုဒိုသတင်းဌာနက ဖော်ပြသည်။

ထိုစိန်လက်စွပ်သည် ရတနာဆိုင်တွင် တန်ဖိုးကြီးပစ္စည်းဖြစ်သည်။ ခိုးယူသူဟု သံသယရှိသူနှစ်ဦး ထွက်ခွာသွားပြီးနောက်တွင် အဆိုပါလက်စွပ်ကို ဆိုင်၌ရှာမတွေ့ဘဲ ပျောက်ဆုံးနေကြောင်း၊ ထိုအချိန် ဆိုင်တွင်း၌ အခြားဝယ်ယူသူတစ်ဦးမျှ မရှိကြောင်း ဒေသဆိုင်ရာရဲတပ်ဖွဲ့က ပြောကြားသည်။

မသင်္ကာဖွယ်ရာ လူနှစ်ဦးစလုံးသည် အသက်(၄၀)ဝန်းကျင်ရှိ၍ အင်္ဂလိပ်စကားကိုသာ ပြောဆိုတတ်ပြီး ဂျပန်စကားကို တစ်ခွန်းတလေမျှသာ ပြောဆိုတတ်သူများဖြစ်ကြောင်း ဒေသဆိုင်ရာ ရဲတပ်ဖွဲ့က ပြောကြားသည်။

**ဆင်ဟွာ။**

# ရုပ်ရှင်လောကသားများ၏ ဆန္ဒနှင့် အညီ ဆင်ဆာမူဝါဒများကို အစဉ်အဆက်ဖြေလျှော့ပေးခဲ့ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနှင့် စပ်လျဉ်း၍ မူလချမှတ်ထားသည့် မူများအတိုင်း ပံ့ပိုးပေးသွားမည်

ရန်ကုန် မေ ၁၄

**ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး အလုပ်အမှုဆောင်အဖွဲ့အား ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြားရပ်ကွက် ကုက္ကိုင်းရိပ်သာလမ်းရှိ မြန်မာ့ရုပ်ရှင်လုပ်ငန်းအစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။**

တွေ့ဆုံပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ စာနယ်ဇင်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနှင့် ရုပ်ရှင်လောကသားများသည် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ထိတွေ့မှုအများဆုံးဖြစ်ပြီး ရုပ်ရှင်လောကသားတစ်ဦးချင်းဖြစ်စေ၊ အစည်းအရုံးအတွက် ဖြစ်စေ တိုးတက်နိုင်သမျှ တိုးတက်အောင် မူဘောင်နှင့်အညီ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ရုပ်ရှင်အစည်းအရုံး၏ ၂၀၀၄ ခုနှစ်က အခြေအနေနှင့် လက်ရှိအခြေအနေကို ချိန်ထိုးနှိုင်းယှဉ်ကြည့်ပါက မည်မျှတိုးတက်လာသည်ကို သုံးသပ်တွေ့ရှိနိုင်မည်ဖြစ်ပါကြောင်း၊ ရုပ်ရှင်လောကသားများ၏ လိုလားချက်ဆန္ဒနှင့်အညီ ဆင်ဆာမူဝါဒဆိုင်ရာများကို အစဉ်အဆက်ဖြေလျှော့ပေးခဲ့သည်ကို တွေ့ရှိနိုင်ပါကြောင်း။

ယခုအသစ်ဖွဲ့စည်းပေါ်ပေါက်လာသည့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့် စပ်လျဉ်း၍ ဝန်ကြီးဌာနအနေဖြင့် မူလချမှတ်ထားသည့် မူများအတိုင်း ဆက်လက်ပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ရာ ရုပ်ရှင်လောကသားများအနေဖြင့် ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်သွားကြပါရန် ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးမှာကြားသည်။

ထို့နောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးဇင်ဝိုင်းက အစည်းအရုံး၏ တင်ပြချက်(၈)ချက်နှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။ ၎င်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးတို့က ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။





ယင်းနောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် ယနေ့ဆွေးနွေးချက်များသည် ရှေ့ဆက်ပူးပေါင်းဆောင်ရွက်ကြရမည့်ကိစ္စရပ်များ အောင်မြင်ချောမွေ့စွာ ဆောင်ရွက်နိုင်စေရေးအတွက် များစွာအထောက်အကူဖြစ်စေမည်ဖြစ်ပါကြောင်း၊ မည်သည့်လုပ်ငန်းကိစ္စရပ်၌မဆို သမူဟဖြစ်ခြင်းရှိသကဲ့သို့ ဝိရောဓိဖြစ်ခြင်းလည်း ရှိနိုင်ပါကြောင်း၊ ဝိရောဓိများကို နှစ်ဖက်မျှတစွာ နားလည်လက်ခံစဉ်းစားညှိနှိုင်း ဆောင်ရွက်ကြမည်ဆိုပါက အနာဂတ်လုပ်ငန်းစဉ်များ လက်တွေ့အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း မှာကြားပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

## တွေ့ဆုံမှာကြား

**ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး အလုပ်အမှုဆောင်အဖွဲ့အား တွေ့ဆုံမှာကြားစဉ်။** (သတင်းစဉ်)

# နိုင်ငံတော်အစိုးရ၊ ပြည်နယ်အစိုးရတို့၏ စေတနာကို ယုံကြည်နားလည်လက်ခံရန်လို ကချင်ပြည်နယ်အတွင်း ထာဝရငြိမ်းချမ်းရေးရရန် တိုင်းရင်းသားအားလုံး ပါဝင်ဆောင်ရွက်

နေပြည်တော် မေ ၁၄

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီအတွင်းရေးမှူး နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းနှင့် တာဝန်ရှိသူများ၊ UNOCHA ၊ WFP ၊ UNICEF ၊ UNHCR ၊ UNDP ၊ ICRC နှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ တာဝန်ရှိသူများသည် မေ ၁၁ ရက် နံနက်ပိုင်းတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ရှမ်းစုရပ်ကွက်ရှိ ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက်သို့ရောက်ရှိပြီး ကျောင်းတိုက်အတွင်း မြစ်ကြီးနားမြို့နယ်နှင့် ဝိုင်းမော်မြို့နယ် ကျေးရွာများမှ လုံခြုံရေးအခြေအနေအရ ကျောင်းများ မဖွင့်လှစ်နိုင်၍ လာရောက်နေထိုင် ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူလေးများအား တွေ့ဆုံ၍ အားပေးစကားပြောကြားသည်။**

ယင်းနောက် ကျောင်းသား ကျောင်းသူလေးများအတွက် နယ်စပ်ရေးရာဝန်ကြီးဌာနက လှူဒါန်းသော ထောက်ပံ့ငွေကျပ် ၁၀ သိန်း၊ ကျောင်းဝတ်စုံ၊ စာရေးကိရိယာများနှင့် ၁၄ လက်မ ရုပ်မြင်သံကြားပြစက်တစ်လုံးတို့ကို ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်း၊ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးသန်းအောင်၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါ်ဘောက်ဂျာတို့က လည်းကောင်း၊ မိသားစုသုံးပစ္စည်း ခြောက်မျိုး ပါဝင်သည့် ကယ်ဆယ်ရေးပစ္စည်းများကို ညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်က လည်းကောင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ လှူဒါန်းသော ဓာတ်ဆားထုပ်များကို ဒေါက်တာအောင်ကျော်ထွဋ်က လည်းကောင်း ပေးအပ်ကြသည်။

ထိုမှတစ်ဆင့် မြစ်ကြီးနားမြို့ အမှတ်(၁) နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ ရောက်ရှိပြီး သင်တန်းကျောင်းအတွက် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ထောက်ပံ့ငွေကျပ် ၂၈၂၀၀၀၊ ကျောင်းဝတ်စုံ၊ ဗလာစာအုပ်များ၊ သင်ထောက်ကူ Multi System ၁၄ လက်မရုပ်မြင်သံကြား ပြစက်တစ်လုံး၊ ကချင်ပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့ငွေကျပ် ၁၀၀၀၀၀၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ လှူဒါန်းသော ဓာတ်ဆားထုပ်များကို ပေးအပ်ကာ ဒုတိယဝန်ကြီးက နယ်စပ်ဒေသများတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရက ပြုစုပျိုးထောင်ပေးလျက်ရှိရာ နိုင်ငံတကာ အဖွဲ့အစည်းများကလည်း ပါဝင်ကူညီဆောင်ရွက်လျက်ရှိကြောင်း၊ ကျောင်းသူလေးများအား အတန်းပညာ သင်ကြားပေးရုံမျှမက အင်္ဂလိပ်စကားပြောသင်တန်း၊ ကွန်ပျူတာသင်တန်း စသည့် အဆင့်မြင့်ပညာရပ်များကိုပါ သင်ကြားပေးရန်လိုကြောင်းဖြင့် မှာကြားသည်။



**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်း မြစ်ကြီးနားမြို့ စီတာပူရပ်ကွက်ရှိ ဆွတ်ငိုင်တောင် ကယ်ဆယ်ရေးစခန်းအတွက် ထောက်ပံ့ငွေများ ပေးအပ်စဉ်။** (သတင်းစဉ်)

ထို့နောက် ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာကိစ္စရပ်များ ညှိနှိုင်းရေးရုံး UNOCHA မှ Ms. Babara ကလည်း ကျောင်းသူလေးများအား အားပေးစကားပြောကြားရာတွင် မိမိ၏ မိဘများသည် ဆင်းရဲကြောင်း၊ မိမိအား ပညာတတ်ဖြစ်ရန် သွန်သင်ခဲ့ကြောင်း၊ ပညာကြိုးစားသင်ယူခဲ့၍ ယခုကဲ့သို့ ကမ္ဘာတစ်ဝန်းသွားလာပြီး တာဝန်ထမ်းဆောင်ခွင့်ရခဲ့ကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍသည် အခြေခံကျသောနေရာတွင် ရှိနေကြောင်းဖြင့် ရင်းရင်းနှီးနှီး ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် မြစ်ကြီးနားမြို့ အမှတ်(၂)နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ ရောက်ရှိပြီး ထောက်ပံ့ငွေများ၊ ကျောင်းဝတ်စုံများ၊ စာရေးကိရိယာများ၊ သင်ထောက်ကူ Multi System ၁၄ လက်မရုပ်မြင်သံကြားပြစက်နှင့် ဓာတ်ဆားထုပ်များကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းနှင့် အဖွဲ့သည် မြစ်ကြီးနားမြို့ စီတာပူရပ်ကွက်ရှိ ဆွတ်ငိုင်တောင် ကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိကြပြီး ကယ်ဆယ်ရေးစခန်းရှိ မိသားစုဝင်များအား တွေ့ဆုံကာ ထောက်ပံ့ငွေကျပ် သိန်း ၁၅၀ နှင့် ကျောင်းဝတ်စုံများ၊ စာရေးကိရိယာများ၊ Multi System ၁၄ လက်မ ရုပ်မြင်သံကြားပြစက်၊ မိသားစုသုံးပစ္စည်း ခြောက်မျိုးပါဝင်သည့် ကယ်ဆယ်ရေးပစ္စည်းများနှင့် ဓာတ်ဆားထုပ်များကို ပေးအပ်ကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးက အားပေးစကားပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲ၏ တာဝန်ပေးချက်အရ နယ်မြေလုံခြုံရေး အခြေအနေကြောင့် တိမ်းရှောင်လာသော မိသားစုဝင်များအား ကူညီစောင့်ရှောက်နိုင်ရန် ယနေ့လာရောက်တွေ့ဆုံခြင်း ဖြစ်ကြောင်း၊ ကချင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ကိုယ်တိုင်ဦးစီးပြီး တိမ်းရှောင်မိသားစုဝင်များအတွက် ကူညီထောက်ပံ့မှုများ စီစဉ်ဆောင်ရွက်ပေးလာသည်မှာ တစ်နှစ်ပြည့်ပြီဖြစ်ကြောင်း၊ ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရသာမက ယခုလိုက်ပါလာသော ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများကလည်း ကူညီစောင့်ရှောက်မှုများ ပေးခဲ့ပါကြောင်း၊ WFP အနေဖြင့် လစဉ် ဆန်၊ ဆီ၊ ဆား၊ ပဲ ရိက္ခာများကို လည်းကောင်း၊ UNICEF မှ ဆေးဝါးပစ္စည်းများကို လည်းကောင်း၊ UNDP အနေဖြင့် ရေရရှိရေးလုပ်ငန်းများကို လည်းကောင်း စသည်ဖြင့် ဆောင်ရွက်ပေးခဲ့ကြောင်း၊ ယခုလိုက်ပါလာသည့် အဖွဲ့အစည်းများအနေဖြင့် မိမိတို့နှင့် သက်ဆိုင်ရာလုပ်ငန်းများကို ဆက်လက်ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားအချင်းချင်း ဖြစ်ပေါ်နေသော ပဋိပက္ခများ အမြန်ချုပ်ငြိမ်းရန် လိုအပ်ကြောင်း၊ ယင်းသို့ ချုပ်ငြိမ်းရန်အတွက် တိုင်းရင်းသားပြည်သူများအနေဖြင့် အခြေအနေမှန်ကို သုံးသပ်ရမည်ဖြစ်ကြောင်း၊ အမှားအမှန်မခွဲခြားနိုင်ပါက ပဋိပက္ခများ ပိုမိုဆိုးရွားလာမည် ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရ၊ ပြည်နယ်အစိုးရတို့၏ စေတနာကို ယုံကြည်နားလည်လက်ခံရန် လိုအပ်ကြောင်း၊ ကချင်ပြည်နယ်အတွင်း ထာဝရငြိမ်းချမ်းရေးရရှိရန် တိုင်းရင်းသားအားလုံး ရပ်တည်ပါဝင်ပူးပေါင်းပြီး ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် မေ ၁၁ ရက် မွန်းလွဲပိုင်းတွင် ဝိုင်းမော်မြို့နယ် မိုင်းနားအေဂျီ ကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိပြီး မိသားစုဝင်များနှင့် တွေ့ဆုံသည်။ ယင်းသို့တွေ့ဆုံစဉ် ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းက ယခုခရီးစဉ်တွင် ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာကိစ္စရပ်များ ညှိနှိုင်းရေးရုံး UNOCHA မှ Ms. Babara ကိုယ်တိုင် လိုက်ပါပြီး နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်အောင် ကူညီဆောင်ရွက်ပေးခဲ့ကြောင်း၊ လတ်တလော ကူညီထောက်ပံ့မှုများအနေဖြင့် နယ်စပ်ရေးရာဝန်ကြီးဌာနက တိမ်းရှောင်မိသားစုဝင်များ နေထိုင်ရာစခန်းများအတွက် ထောက်ပံ့ငွေကျပ်သိန်း ၃၅၀ ထောက်ပံ့ပေးခဲ့ကြောင်း၊ ကျောင်းဖွင့်ရာသီအတွက် ကျောင်းဝတ်စုံ၊ ဗလာစာအုပ်နှင့်စာရေးကိရိယာများ ထောက်ပံ့ခဲ့ကြောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကလည်း ဆန်ဖိုးငွေကျပ်သိန်း ၄၀၊ သွပ်အချပ်ရေ ၁၄၀၀ နှင့် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးထားကြောင်း၊ WFP ကလည်း လစဉ်ရိက္ခာဆန်များ ပြည့်မီအောင် ဆက်လက်ထောက်ပံ့သွားမည်ဖြစ်ပြီး အရေးအကြီးဆုံးအချက်ဖြစ်သည့် သန့်ရှင်းသော သောက်သုံးရေရရှိရေး၊ သန့်စင်ခန်းများ သန့်ရှင်းစွာ အသုံးပြုနိုင်ရေးတို့အတွက် UNDP ၊ UNICEF အဖွဲ့အစည်းများ ပါဝင်လာကြောင်း၊ လတ်တလောထောက်ပံ့မှုများသည် ငွေကြေးတန်ဖိုးအားဖြင့် မများသော်လည်း မိသားစုဝင်များအပေါ် ထားရှိသည့် စေတနာ၊ ကူညီဆောင်ရွက်ပေးလိုသည့် စိတ်ဆန္ဒများအနေဖြင့်မူ တန်ဖိုးမဖြတ်နိုင်လောက်အောင် များပြားကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတစ်ဝန်းရှိ လက်နက်ကိုင်အဖွဲ့အစည်း ၁၁ ဖွဲ့နှင့် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ကျင်းပနိုင်ခဲ့ပြီး KIO အဖွဲ့နှင့်လည်း သုံးကြိမ်တိုင် ဆွေးနွေးခဲ့ပြီးဖြစ်ကြောင်း၊ အဖွဲ့အားလုံးနှင့် အပစ်အခတ်ရပ်စဲရေး ပြုလုပ်နိုင်ခဲ့သော်လည်း ကချင်ပြည်နယ်တစ်ခုတည်းသာ အပစ်အခတ်ရပ်စဲရေးဆောင်ရွက်ရန် ကျန်ရှိနေကြောင်း၊ အပစ်အခတ်ရပ်စဲပြီးမှသာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ယနေ့လိုက်ပါလာသော နိုင်ငံတကာ အဖွဲ့အစည်းများအနေဖြင့်လည်း မြန်မာနိုင်ငံအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ၊ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အကူအညီများပေးရန် နယ်စပ်ဒေသအသီးသီး၌ ကူညီဆောင်ရွက်နေကြကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်လည်း တိုင်းရင်းသားများ၏ ဘဝတည်ငြိမ်အေးချမ်းစေရန် ကြိုးပမ်းဆောင်ရွက်ပေးနေကြောင်း၊ မိသားစုဝင်များ တည်ငြိမ်အေးချမ်းသော ဘဝရရှိအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကယ်ဆယ်ရေးစခန်းများအတွက် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ထောက်ပံ့ငွေကျပ်သိန်း ၁၀၀၊ ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ၊ Multi System ၁၄ လက်မ ရုပ်မြင်သံကြားပြစက်၊ ကယ်ဆယ်ရေးပစ္စည်းများ၊ ဓာတ်ဆားထုပ်များ ထောက်ပံ့ပေးအပ်သည်။ ယင်းနောက် နှစ်ခြင်းအသင်းတာဝန်ခံ ဦးပေါလုနှင့် စခန်းတာဝန်ခံ ဦးဇော်စိုင်း၊ ဇုန်နယ်တာဝန်ခံ ဦးဇော်ယွတ်တို့က မိသားစုဝင်များ နေထိုင်ရန် အဆောက်အအုံများ တိုးချဲ့ဆောက်လုပ်ပေးရေး၊ သန့်ရှင်းသော သောက်သုံးရေ ရရှိရေး၊ ယာယီကျောင်းဆောင် တစ်ဆောင်ရရှိရေး တင်ပြကြရာ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းက ကချင်ပြည်နယ်အစိုးရအဖွဲ့၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ မြစ်ကြီးနားမြို့ ပြည်သူ့ဆေးရုံကြီး၌ကျင်းပသည့် ဆေးရုံအတွက် ဆေးပဒေသာပင် အလှူငွေနှင့် ဆေးဝါးပစ္စည်းများ လှူဒါန်းသည့် အခမ်းအနားသို့ တက်ရောက်၍ ဆေးပဒေသာပင်အတွက် ငွေကျပ်သိန်း ၃၀ ၊ 3KVA မီးစက်တစ်လုံး၊ Wheel Chair နှစ်ခု၊ ခြံစောင်များ၊ ဆေးဝါးများ၊ ခြံစောင်နှင့် ဓာတ်ဆားထုပ်များ ပေးအပ်လှူဒါန်းပြီး ဆေးရုံတွင် တက်ရောက်ကုသနေသော မိုင်းထိ လူနာများအား လိုက်လံကြည့်ရှုအားပေးစကားပြောကြားကာ ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# နည်းပညာပေးလုပ်ငန်းများ၊ ခေတ်မီရိတ်သိမ်းခြင်းများ အကြိမ်များစွာလက်တွေ့ပြသနေ တောင်သူလယ်သမားများနှင့် လုပ်ငန်းရှင်များ အပြန်အလှန်ယုံကြည်စွာ မိတ်ဆွေဖွဲ့ဆောင်ရွက်

နေပြည်တော် မေ ၁၄

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယနေ့နံနက် ၆ နာရီခွဲတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းကျေးရွာအဆင့်မြင့် လယ်ယာမြေဧက ၁၀၀ စိုက်ခင်းအတွင်းရှိ ပုလဲသွယ်စပ်မျိုးစပါး လေးမျိုး မျိုးယှဉ်ပြိုင် စမ်းသပ်စိုက်ခင်း၌ ခေတ်မီ ကိုဂျီးအမျိုးအစား ရိတ်သိမ်းခြွေလှေ့စက် (KOKJE conbine harvestor )စက်ကြီး နှစ်စီးဖြင့် ရိတ်သိမ်းနေမှု၊ ရိတ်သိမ်းပြီးစိုက်ခင်းအား မြင်းကောင်ရေ ၉၀ ရှိ Analika ခေတ်မီထွန်စက်ကြီးများဖြင့် ထွန်ယက်နေမှုများကို ဒေသခံတောင်သူလယ်သမားများနှင့်အတူ ကြည့်ရှုသည်။**



**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန် ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းကျေးရွာ အဆင့်မြင့် လယ်ယာမြေ ဧက ၁၀၀ စိုက်ခင်းအတွင်းရှိ ပုလဲသွယ်စပ်မျိုးစပါး လေးမျိုး မျိုးယှဉ်ပြိုင် စမ်းသပ်စိုက်ခင်းအား ရိတ်သိမ်းခြွေလှေ့နေမှုကို ကြည့်ရှု အားပေးစဉ်။**
(သတင်းစဉ်)

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဒက္ခိဏသီရိမြို့နယ် ချိုင်းကျေးရွာအနီး ဘိုနီကြီးကွင်း၌ တောင်သူများ စိုက်ပျိုးထားသော တစ်ကွင်းတစ်ဆက်တည်း ပုလဲသွယ်စပ်မျိုးစပါး ဧက ၁၀၀ စိုက်ခင်း၌ ၄၅ ရက်သား သက်တမ်းရှိ စပါးပင်များ ပင်ပွားကောင်းစွာ ထွက်ရှိနေမှုများကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံ တောင်သူလယ်သမားများ၊ စိုက်ပျိုးရေး၊ ဆည်မြောင်းနှင့် စက်မှုလယ်ယာဦးစီးဌာနတို့မှ ဝန်ထမ်းများအား တွေ့ဆုံ၍ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တောင်သူများသိရှိနိုင်ရန် စိုက်ကွင်းအတွင်း နည်းပညာပေးလုပ်ငန်းများ၊ ခေတ်မီရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းခြင်းများကို အကြိမ်ပေါင်းများစွာ လက်တွေ့ပြသဆောင်ရွက်ပေးနေကြောင်း၊ တောင်သူလယ်သမားများနှင့် လုပ်ငန်းရှင်များ (public private partnership PPP)ဖြင့် အပြန်အလှန်ယုံကြည်စွာဖြင့် မိတ်ဆွေဖွဲ့ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တောင်သူများက နိုးကြားတက်ကြွစွာဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စပါးသီးနှံသာမက ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ခြင်းများကိုလည်း စ-လယ်-ဆုံး ဆောင်ရွက်နိုင်ရန် တန်ဖိုးမြင့် ကုန်ချောထုတ်စက်ရုံများကိုပါ တည်ထောင်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း။

တောင်သူလယ်သမားများဘဝ ဖွံ့ဖြိုးတိုးတက်စေရန် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက မျိုးကောင်းမျိုးသန့် ပုလဲသွယ်စပ်မျိုးစပါး စိုက်ပျိုးနိုင်ရန် ကူညီပေးခြင်း၊ စိုက်ပျိုးရေ အလုံအလောက်ရရှိအောင် ဆောင်ရွက်ပေးခြင်း၊ ခေတ်မီ လယ်ယာသုံး စက်ကိရိယာများ သုံးစွဲမောင်းနှင်ခြင်းများကို နည်းပညာပေး ဆောင်ရွက်ပြသနေသည့်အပေါ် တောင်သူများက ကြီးပွားတိုးတက်အောင်မြင်လိုသော စိတ်ဆန္ဒဖြင့် ပူးပေါင်းပါဝင် ကြိုးစားအားထုတ်ကြရန် တိုက်တွန်းမှာကြားသည်။

ယင်းနောက် ဇမ္ဗူသီရိမြို့နယ် အောင်ချမ်းသာကျေးရွာအနီးရှိ ပုလဲသွယ် အဖိုထိန်းလိုင်း (R)လိုင်း ခြောက်ဧက စိုက်ခင်း၏ ၇၅ ရက်သား သက်တမ်းတွင် စပါးနှံများ အောင်မြင်စွာ ထွက်ရှိနေမှုများနှင့် အောင်မြင်လျက်ရှိသော ပုလဲသွယ်စပ်မျိုးစပါး ဧက ၁၀၀ တစ်ဆက်တစ်စပ်တည်း စိုက်ကွင်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ဗုဒ္ဓမြတ်စွယ်တော်ပွားအား ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာအခမ်းအနား ကျင်းပ

**နေပြည်တော် မေ ၁၄**

မကွေးမြို့ မြသလွန်စေတီတော် မဟာအတုလရံသီ တန်ဆောင်းတော်အတွင်း၌ ကိန်းဝပ်အပူဇော်ခံမည့် ဗုဒ္ဓမြတ်စွယ်တော်ပွားအား ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာအခမ်းအနားကို မေ ၁၃ ရက် နံနက် ၇ နာရီခွဲတွင် ကျင်းပသည်။

အဆိုပါ ဗုဒ္ဓမြတ်စွယ်တော်ပွားသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော် မန္တလေးမြို့ မဟာအတုလဝေယန် အတုမရှိကျောင်းတော်ကြီး၌ ကိန်းဝပ်အပူဇော်ခံစဉ် စွယ်တော်ပွားတစ်ဆူပြုလုပ်၍ ရင်ငွေ့တော်ခါတ်ကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်မှ ၂၃ ရက်အထိ ၁၀ ရက်တိုင်တိုင် ခိုလှုံအပူဇော်ခံခဲ့သည့် စွယ်တော်ပွားဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း၏ ဟောပြောပွဲကျင်းပမည်

**ရန်ကုန် မေ ၁၄**

မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း၏ CPE ဟောပြောပွဲ တစ်ရပ်ကို အခွန်ဆိုင်ရာပြုပြင်ပြောင်းလဲမှုများ ခေါင်းစဉ်ဖြင့် မေ ၂၀ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဟောပြောပွဲသို့ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်များသည် CPE နာရီအတွက်ထောက်ခံချက်ရရှိမည်ဖြစ်ကြောင်း၊ ဟောပြောပွဲတက်ရောက်ရန် မေ ၁၇ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းရုံးခန်း (အမှတ် ၁/၁၉၊ သခင်မြပန်းခြံလမ်း ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ရန်ကုန်သင်တန်းကျောင်း ပထမထပ်) သို့ မှတ်ပုံတင်ကြေးပေးသွင်း၍ စာရင်းသွင်းရမည်ဖြစ်ကြောင်း၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်း (ဒုတိယပိုင်း)တက်ရောက်နေဆဲ သင်တန်းသား သင်တန်းသူများအနေဖြင့် ဟောပြောပွဲတက်ရောက်လိုပါက သတ်မှတ်ရက်မတိုင်မီ စာရင်းပေးသွင်းနိုင်ကြောင်း၊ နယ်မှလာရောက်ရသူများအနေဖြင့် သတ်မှတ်ရက်မတိုင်မီ အသင်းရုံးခန်း ဖုန်း-၂၁၄၆၅၃ သို့ ကြိုတင်ဆက်သွယ်စာရင်းသွင်းနိုင်ကြောင်း၊ သတ်မှတ်ရက်ကျော်လွန်မှ စာရင်းပေးသွင်းခြင်းကို လက်ခံမည်မဟုတ်ကြောင်းနှင့် မေးမြန်းဆွေးနွေးလိုသည်များကို စာဖြင့်ရေးသား၍ အသင်းရုံးခန်းသို့ မေ ၁၇ ရက် နောက်ဆုံးထားပေးပို့ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် မှုခင်းအသိပညာပေးဆွေးနွေးပွဲကျင်းပ

**ရန်ကုန် မေ ၁၄**

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် မှုခင်းအသိပညာပေးဆွေးနွေးပွဲကို မေ ၁၂ ရက် နံနက်ပိုင်းတွင် ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်းရှိ အသင်းရုံးခန်း၌ ကျင်းပရာ အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မျိုးအောင်က ရွှေဆိုင်များ လုံခြုံရေးသတိနှင့် မှုခင်းအသိပညာ သိရှိနိုင်ရေးအတွက် ဆွေးနွေးဟောပြောသည်။

ထို့နောက် မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးသူတော်နှင့် ဒုတိယဥက္ကဋ္ဌ ဦးကျော်မြင့်တို့က အမှာစကားပြောကြားကြပြီး ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်က အသင်း၏ လုပ်ငန်းဆောင်ရွက်ချက်များကို လည်းကောင်း၊ အတွင်းရေးမှူး ဦးဝင်းမြင့်က ရွှေလုပ်ငန်းစဉ်များနှင့် ပညာပေးသင်တန်းများ ဖွင့်လှစ်နိုင်ရေးတို့ကိုလည်းကောင်း ဆွေးနွေးတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် မှုခင်းအသိပညာပေးဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးသူတော် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

# မြန်မာနိုင်ငံစာရင်းကောင်စီ(၁/၂၀၁၂)အစည်းအဝေး ကျင်းပ

ရန်ကုန် မေ ၁၄

**မြန်မာနိုင်ငံ စာရင်းကောင်စီ(၁/၂၀၁၂)အစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ စာရင်းကောင်စီရုံး၌ ကျင်းပရာ မြန်မာနိုင်ငံ စာရင်းကောင်စီဥက္ကဋ္ဌ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးလွန်းမောင်၊ မြန်မာနိုင်ငံ စာရင်းကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယစာရင်းစစ်ချုပ် ဦးမျိုးမြင့်နှင့် မြန်မာနိုင်ငံ စာရင်းကောင်စီအဖွဲ့ဝင်များ တက်ရောက်ကြသည်။**

**မြန်မာနိုင်ငံ စာရင်းကောင်စီဥက္ကဋ္ဌ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးလွန်းမောင် မြန်မာနိုင်ငံ စာရင်းကောင်စီ(၁/၂၀၁၂)အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။**
(သတင်းစဉ်)



အစည်းအဝေးတွင် မြန်မာနိုင်ငံစာရင်းကောင်စီဥက္ကဋ္ဌက နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် စာရင်းကိုင်နှင့် စာရင်းစစ်ပညာရှင်များသည် အရေးပါသော အခန်းကဏ္ဍက ပါဝင်နေပါကြောင်း၊ ပုဂ္ဂလိက လုပ်ငန်းများ၏ စာရင်းကိုင်များအနေဖြင့် စာရင်းကိုင်စံများနှင့်အညီ ထားရှိသင့်သည့်စာရင်းများကို စနစ်တကျ ပြုစုထားရှိရန်အပြင် လွတ်လပ်သည့် စာရင်းစစ်များထံတင်ပြ၍ စာရင်းစစ်ဆေးမှု ခံယူထားသည့် နှစ်ချုပ်စာရင်းနှင့် အထောက်အထားစာရင်းများကို ပြည့်စုံမှန်ကန်စွာ ပြည်တွင်းအခွန်များဦးစီးဌာနသို့ တင်ပြရမည်ဖြစ်ပါကြောင်း၊ ယင်းသို့ စာရင်းစစ်များက စစ်ဆေးထားသည့် ပုဂ္ဂလိကလုပ်ငန်းများ၏ စာရင်းများတွင် နိုင်ငံတော်သို့ ပေးဆောင်ရမည့် အခွန်အခများနှင့်စပ်လျဉ်း၍ ထပ်မံစစ်ဆေးရန် လိုအပ်ပါကစစ်ဆေးရန် ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေအရ မိမိကို တာဝန်အပ်နှင်းထားပါကြောင်း။

စာရင်းကိုင်နှင့် စာရင်းစစ်ပညာရှင်များသည် မိမိတာဝန်ယူဆောင်ရွက်သည့် စာရင်းပညာဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်း၍ အမှန်ကန်ဆုံးဖြစ်နိုင်ရေးအတွက် ဆောင်ရွက်ရန်၊ စာရင်းကိုင်စံ၊ စာရင်းစစ်စံများနှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက်ရန်နှင့် ကျင့်ဝတ်သိက္ခာများ စောင့်ထိန်းကြရန်လိုအပ်ပါကြောင်း၊ ယင်းသို့ဖြစ်စေရေးအတွက် စာရင်းကောင်စီဝင်များကလည်း စာရင်းကိုင်နှင့် စာရင်းစစ်ပညာရှင်များအား ကြပ်မတ်ထိန်းကျောင်းပေးရန် လိုအပ်ပါကြောင်းနှင့် စာရင်းပညာခေတ်မီတိုးတက်ရေးအတွက် စာရင်းကောင်စီဝင်များက ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

# သက်ကြီးစာပေပညာရှင်များအား ပူဇော်

**ရန်ကုန် မေ ၁၄**

အင်းစိန်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ ဒုတိယအကြိမ် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအခမ်းအနားကို ဧပြီ ၂၉ ရက် နံနက် ၁၀ နာရီတွင် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ရုံးခန်း၌ ကျင်းပရာ မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးဘုန်းဝေ(ဒါရိုက်တာ-ဘုန်းဝေ)နှင့် ဒုတိယဥက္ကဋ္ဌ သက်ကြီးပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့ခေါင်းဆောင် ဦးဘိုကြည်(ဒေါက်တာ ဗိုလ်သံမဏိ-တောင်တွင်းကြီး)တို့က အဖွင့်အမှာစကားပြောကြားကြသည်။

အခမ်းအနားတွင် အင်းစိန်မြို့နယ်အတွင်းရှိ သက်ကြီးစာပေပညာရှင် ၂၁ ဦးတို့အား စာပေအဖွဲ့ဝင်များက အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ကြကြောင်းသိရှိရသည်။

(ကြေးမုံ)

# ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းအား ဖိလစ်ပိုင်သံအမတ်ကြီးနှင့် ကမ္ဘာ့ဘဏ်အဖွဲ့ တွေ့ဆုံ

**နေပြည်တော် မေ ၁၄**

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းအား မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ma. Hellen B. De La Vega နှင့်အဖွဲ့သည် ယနေ့မွန်းလွဲ ၁ နာရီတွင် အဆိုပါဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ နှစ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံတွင် ကဏ္ဍအလိုက် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်နိုင်သည့် အခွင့်အလမ်းများနှင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းအား ကမ္ဘာ့ဘဏ်မှ Country Director Ms. Annette Dixon နှင့် Lead Financial Sector Specialist Mr. James Seward ဦးဆောင်သည့် မစ်ရှင်အဖွဲ့သည် မွန်းလွဲ ၂ နာရီခွဲတွင် တွေ့ဆုံ၍ ကျေးလက်ဒေသ ဆင်းရဲမှုလျှော့ချရေးကိစ္စရပ်များတွင် ပါဝင်ကူညီနိုင်မှုအခြေအနေများ၊ ဒေသန္တရစီမံကိန်းရေးဆွဲရာတွင် ကျွမ်းကျင်မှုအကူအညီပေးရေးဆိုင်ရာ ကိစ္စရပ်များ၊ ဝန်ထမ်းများအတွက် အင်္ဂလိပ်စာကျွမ်းကျင်မှုသင်တန်းများ ဖွင့်လှစ်ပို့ချရေးအတွက် အကူအညီပေးနိုင်မှုအခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ယင်းသို့ တွေ့ဆုံရာတွင် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းအား ကမ္ဘာ့ဘဏ်မှ Country Director Ms. Annette Dixon နှင့် Lead Financial Sector Specialist Mr. James Seward ဦးဆောင်သည့် မစ်ရှင်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။**

(သတင်းစဉ်)

# ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ အထွေထွေအတွင်းရေးမှူး ဦးဌေးဦးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင် မစ္စတာဝမ်ဂန်း ဦးဆောင်သည့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၁၄

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ အထွေထွေအတွင်းရေးမှူး ဦးဌေးဦး၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင် မစ္စတာဝမ်ဂန်း ဦးဆောင်သည့် အဖွဲ့ဝင် ၂၅ ဦးပါ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၉ နာရီ ၄၅ မိနစ်တွင် မန္တလေးမြို့မှတစ်ဆင့် နေပြည်တော်သို့ အထူးလေယာဉ်ဖြင့် ရောက်ရှိလာရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ဗဟိုအလုပ်အမှုဆောင် ဦးစိုးနိုင်နှင့် နေပြည်တော် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဝင်များ၊ ပါတီဌာနချုပ်မှ တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။**

ထို့နောက် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး လိုက်ပါ၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ အထွေထွေအတွင်းရေးမှူး ဦးဌေးဦးအား ညနေ ၅ နာရီခွဲတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ဌာနချုပ်ရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီနှင့် တရုတ်ကွန်မြူနစ်ပါတီတို့အကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးမြှင့်ခိုင်မာရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်ဆောင်ရွက်သွားကြရန် ရင်းနှီးခင်မင်စွာ ဆွေးနွေးကြသည်။

ညပိုင်းတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ အထွေထွေအတွင်းရေးမှူး ဦးဌေးဦးသည် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့်အဖွဲ့အား မြတ်တော်ဝင်ဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



# ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်အား Johns Hopkins University ဧည့် တွေ့ဆုံ

**နေပြည်တော် မေ ၁၄**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်အား အမေရိကန်ပြည်ထောင်စု Johns Hopkins Universityမှ Vice-Dean for Science and Research Infrastructure Dr. Gregory F.Ball ဦးဆောင်သောအဖွဲ့သည် ယနေ့ မွန်းလွဲ ၁ နာရီတွင် အဆိုပါဝန်ကြီးဌာန၌ လာရောက်တွေ့ဆုံ၍ **(အပေါ်ပုံ)** အရည်အချင်းပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သိပ္ပံနှင့်နည်းပညာဆိုင်ရာ အခန်းကဏ္ဍများတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဒေါက်တာကိုကိုဦး၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်မင်းအောင်နှင့် အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်ကျော်မြတ်တို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

**၁၅-၅-၂၀၁၂ (အင်္ဂါနေ့)**

| | |
|---|---|
| ၅း၄၀ | “ဥစ္စွေဒိဋ္ဌိဖြစ်ပုံ၊ ဖြုတ်ပုံ” တရားတော် [အရှင်ပညာဓမ္မာဘိဝံသ (ညောင်ကန်ဆရာတော်)] |
| ၉း၁၀ | “သဲဖြူ”ရဲ့ထူးမြတ်တဲ့အလှူ |
| ၁၀း၅၀ | Myanmar Autism Association Talk |
| ၂း၂၀ | Korea Seoul မြို့မြင်ကွင်း |
| ၆း၁၅ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အဖြူရောင်တိမ်တိုက်လေး” (အပိုင်း-၂၃)** |
| ၈း၃၀ | **မြန်မာရုပ်သံဇာတ်လမ်းတွဲ** "The Sign of Love" (အချစ်သင်္ကေတ) (အပိုင်း-၆) |
| ၉း၃၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ဘဝအားမာန်”(အပိုင်း-၃၇)** |
| ၁၀း၂၅ | သီချင်းကောင်းကောင်း သီချင်းတောင်း |
| ၁၀း၄၅ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “နှလုံးသားပုံဖော်ရာ”(အပိုင်း-၉)** |
| ၁၂း၅၅ | နွေးထွေးသောမေတ္တာအိမ်ကလေး (ခိုင်ခန့်၊ အောင်ခိုင်၊ ဝါဝါအောင်) [ဒါရိုက်တာ-ဝင်းမောင်ရွှေ(Art)] |

## မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်နိုင်

နေပြည်တော် မေ ၁၄

**ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသ တိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး မွန်ပြည်နယ်တွင် ဒေသအလိုက် နေရာကွက်၍ မိုးကြီးခဲ့သည်။ **နေ့အပူချိန်များမှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် မေလ၏ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့်နေ့အပူချိန်များမှာ** ချောက်မြို့တွင် ၄၄ ဒီဂရီစင်တီဂရိတ်၊ မြင်းခြံမြို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်၊ ညောင်ဦးမြို့နှင့် မင်းဘူးမြို့တို့တွင် ၄၂ ဒီဂရီစင်တီစီဂရိတ်စီတို့ ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ကျိုက်မရောမြို့တွင် ၄ ဒသမ ၇၀ လက်မ၊ ပေါင်မြို့တွင် ၃ ဒသမ ၈၆ လက်မ၊ မော်လမြိုင်မြို့တွင် ၁ ဒသမ ၈၉ လက်မ၊ သထုံမြို့တွင် ၁ ဒသမ ၁၄ လက်မနှင့် ခရမ်းမြို့တွင် ၁ ဒသမ ၀၆ လက်မတို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်**

မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်နိုင်သည်။

## ကိုယ့်အားကိုယ်ကိုး မီးလင်းရေးဆောင်ရွက်

**ရေတာရှည် မေ ၁၄**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ပိတောက်ခင်ကျေးရွာအုပ်စု သဲကောကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး ကျေးရွာမီးလင်းရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ခဲ့ကြရာ မေ ၁၀ ရက်က မီးစတင်လင်း၍ ရွာသူ ရွာသားများ ပျော်ရွှင်လျက်ရှိကြသည်ကို တွေ့ရှိခဲ့ရသည်။ ရေတာရှည်မြို့ အနောက်မြောက် နှစ်မိုင်ခွဲခန့်အကွာတွင်ရှိသည့် သဲကောကျေးရွာသည် အိမ်ထောင်စုပေါင်း ၁၅၀၊ လူဦးရေ ၁၀၀၀ ကျော် မှီတင်းနေထိုင်လျက်ရှိပြီး ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးရရှိရေးအတွက် ၂၀၀၈ ခုနှစ်ကတည်းက ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး စုစုပေါင်း ငွေကျပ်သိန်း ၃၀၀ ခန့် ကုန်ကျခဲ့ကြောင်း သိရသည်။ “အဘတို့တစ်သက် လျှပ်စစ်မီးရလိမ့်မယ်လို့ ဘယ်တုန်းကမှ မတွေးခဲ့ပါဘူး၊ အခုလို မီးတွေရလာတော့ တစ်ရွာလုံးပျော်ရွှင်ကြည်နူးမှုတွေ ဖြစ်ကြရပါတယ်၊ မီးရရှိအောင် ဆောင်ရွက်ပေးခဲ့တဲ့ မြို့နယ်လျှပ်စစ်ဝန်ထမ်းအားလုံးနဲ့ ရေတာရှည်မြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တွေဖြစ်တဲ့ ဦးမောင်မောင်သက်၊ ဦးသိန်းမြင့်ထွန်းတို့နဲ့အတူ ကူညီကြသူအားလုံးကို အဘတို့ သဲကောရွာ ဒေသခံပြည်သူများက ကျေးဇူးတင်ရှိကြောင်း ပြောလိုပါတယ်” ဟု ရပ်မိရပ်ဖ တစ်ဦးက ပြောပြသည်။ ယခုကဲ့သို့ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးရရှိပြီဖြစ်သည့်အတွက် ကျေးရွာဖွံ့ဖြိုးမှုများလည်း များစွာအကျိုးဖြစ်ထွန်းမည်ဖြစ်သည်။

ကိုလွင်(ဆွာ)



## စာကြည့်တိုက်သို့ စာအုပ်စာစောင်များလှူဒါန်း

**နေပြည်တော် မေ ၁၄**

ဒေသခံများစာဖတ်ရှိန်မြှင့်တင်ရေးနှင့် ဗဟုသုတတိုးပွားစေရန် ရည်ရွယ်၍ စာအုပ်စာစောင်လှူဒါန်းပွဲကို နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ရေဆင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးအတွင်းရှိ ပညာ့ရောင်ခြည်စာကြည့်တိုက်၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် စာအုပ်စာစောင် အလှူရှင် ပျဉ်းမနားမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင် ဦးမင်းမင်းလတ်က စာအုပ်စာစောင်လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး စာကြည့်တိုက်မှူး ဦးစောငွေထံ သုတရသ မဂ္ဂဇင်း၊ ဂျာနယ် ၁၅၀ ကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်မှူးက လက်ခံပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

စာအုပ် စာစောင်လှူဒါန်းပွဲသို့ ရေဆင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးလှငွေ၊ စာကြည့်တိုက်မှူး ဦးစောငွေနှင့် စာကြည့်တိုက်ကော်မတီဝင်များ၊ ဒေသခံစာပေဝါသနာရှင် ၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

(ကြေးမုံ)

## မီးလောင်လျှင်

(က) ထွက်မပြေးပါနှင့်၊ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ။
(ခ) ကျိတ်မငြိမ်းသတ်ပါနှင့်၊ ပတ်ဝန်းကျင်သို့ အကူအညီတောင်းပါ။
(ဂ) ဝိုင်းဝန်းကြိုးစား ငြိမ်းသတ်ပါ။
(ဃ) မီးသတ်တပ်ဖွဲ့နှင့် လုပ်သားပြည်သူများ အချိန်မီ ပူးပေါင်း ငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီး မဖြစ်နိုင်ပါ။

**မီးသတ်ဦးစီးဌာန**

## ❒ ပြည်ထောင်စုသမ္မတမှ

ဧည့်သည်တော် ကိုရီးယားသမ္မတနိုင်ငံ သမ္မတ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားသို့တက်ရောက်ရန် ခေတ္တတည်းခိုသည့် အမရဟိုတယ်မှ နိုင်ငံတော်သမ္မတ အိမ်တော်သို့ မော်တော်ယာဉ်များဖြင့်ရောက်ရှိလာရာ နိုင်ငံတော်သမ္မတ အိမ်တော်ရှေ့၌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာအီမြောင်ဘတ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူရန် အလေးပြုခံစင်မြင့်သို့ သွားရောက်ကြပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူကြသည်။

ထိုအချိန်တွင် နိုင်ငံတော်တီးဝိုင်းက ကိုရီးယားသမ္မတနိုင်ငံနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတို့၏ နိုင်ငံတော်သီချင်းများကို ဂုဏ်ပြုတီးမှုတ်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ကိုရီးယားသမ္မတနိုင်ငံ သမ္မတတို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ကိုရီးယားသမ္မတနိုင်ငံ သမ္မတက ၎င်းနှင့်အတူ လိုက်ပါလာသည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် မိတ်ဆက်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ကလည်း ၎င်းနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသည့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးညွန့်လှိုင်တို့အား ကိုရီးယားသမ္မတနိုင်ငံ သမ္မတနှင့် ပြန်လည်မိတ်ဆက်ပေးသည်။

(သတင်းစဉ်)



**ဂုဏ်ပြုတပ်ဖွဲ့ စစ်ဆေး**

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာအီမြောင်ဘတ်တို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြစဉ်။** (သတင်းစဉ်)

## ☆ နှစ်နိုင်ငံမှ

စီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးညွန့်လှိုင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ကိုရီးယားသမ္မတနိုင်ငံ သမ္မတဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံအမတ်ကြီး Mr. Kim Hae - yong နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က နှုတ်ခွန်းဆက်စကားပြောကြားရာ၌ မြန်မာနိုင်ငံသို့ အဆွေတော်သမ္မတ ချစ်ကြည်ရေးခရီးအလည်အပတ်လာရောက်ခြင်းအတွက် နွေးထွေးလှိုက်လှဲစွာ ကြိုဆိုပါကြောင်း၊ ၂၀၀၉ ခုနှစ်တွင် ကိုရီးယားသမ္မတနိုင်ငံ ဂျေဂျူးကျွန်း၌ ကျင်းပခဲ့သည့် အာဆီယံ-ကိုရီးယား နှစ် ၂၀ ပြည့်အထိမ်းအမှတ်အခမ်းအနားတွင် အဆွေတော်သမ္မတနှင့် တွေ့ဆုံခဲ့ပြီးနောက် ယခုတစ်ဖန် ပြန်လည်တွေ့ဆုံခွင့်နှင့် ပြန်လည်ဧည့်ဝတ်ပြုခွင့်ရရှိ၍ များစွာဝမ်းမြောက်ရပါကြောင်း၊ လွန်ခဲ့သည့် နှစ်ပေါင်း ၂၉ နှစ်အတွင်း ကိုရီးယားသမ္မတနိုင်ငံ သမ္မတတစ်ဦး အနေဖြင့် မြန်မာနိုင်ငံသို့ ပထမဆုံးအကြိမ်လာရောက်ခြင်းဖြစ်သည့်အပြင် ယခုခရီးစဉ်သည် မြန်မာနိုင်ငံအစိုးရသစ် တာဝန်ယူသည့်ကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် လာရောက်သည့် ခရီးစဉ်ဖြစ်၍ နှစ်နိုင်ငံဆက်ဆံရေးတွင် သမိုင်းမှတ်တိုင်တစ်ခုအဖြစ်စိုက်ထူနိုင်ခဲ့ပြီဖြစ်ကြောင်း၊ မြန်မာနှင့်ကိုရီးယား နှစ်နိုင်ငံတို့သည် ၁၉၇၅ ခုနှစ်မှစတင်၍ သံတမန်ဆက်ဆံမှု စတင်ခဲ့ပြီး နှစ်နိုင်ငံဆက်ဆံရေးမှာ အစဉ်တစိုက် တိုးတက်ဖွံ့ဖြိုးလာခဲ့ပါကြောင်း၊ ယခုကာလတွင် အရှိန်အဟုန်မြင့်၍ ပိုမိုတိုးတက်လာခဲ့ပြီး ဆက်ဆံရေးကဏ္ဍသစ်ကို ထူထောင်နိုင်ခဲ့ပါကြောင်း၊ နှစ်နိုင်ငံပြည်သူများအကြားအပြန်အလှန် နားလည်ရင်းနှီးမှုများ တိုးတက်ဖွံ့ဖြိုးလျက်ရှိသည်ကိုလည်း တွေ့မြင်ရပါကြောင်း၊ ယင်းအားသာချက်များကို အခြေခံ၍ နှစ်နိုင်ငံ ဆက်သွယ်ပူးပေါင်းဆောင်ရွက်မှုများကို အနာဂတ်ကာလတွင် ပိုမိုတိုးမြှင့်ဆောင်ရွက်သွားလိုပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတက ယခုအခါ မြန်မာနိုင်ငံတွင် နိုင်ငံအေးချမ်းတည်ငြိမ်ရေး၊ စီးပွားရေးတိုးတက်ခိုင်မာရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဦးစားပေးဆောင်ရွက်လျက် ရှိပါကြောင်း၊ နိုင်ငံ အေးချမ်းတည်ငြိမ်သာယာရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ထိတွေ့ဆွေးနွေးလျက်ရှိပြီး မကြာမီကာလတွင် ယင်းအဖွဲ့အားလုံး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်လာမည်ဟုမျှော်လင့်ပါကြောင်း၊ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေးအတွက် အမြင်သဘောထား မတူညီသည်များကိုဖယ်ထား၍ ပြည်သူနှင့်တိုင်းပြည်၏ အကျိုးစီးပွားအတွက် တူညီသောအမြင်သဘောထားများ ပေါ်တွင် ပူးပေါင်းဆောင်ရွက်သွားရန် ကြိုးပမ်းလျက်ရှိပါကြောင်း၊ စီးပွားရေးကဏ္ဍတွင်လည်း ငွေရေးကြေးရေး၊ ဘဏ္ဍာရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအဖွဲ့အစည်းများအကြား လိုအပ်သည့်ပြုပြင်ပြောင်းလဲမှုများကို ပြုလုပ်လျက်ရှိပါကြောင်း၊ အဓိကကျသည့် လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွား တိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူလူထု၏ လူနေမှုဘဝမြှင့်တင်ရေးများတွင် ကိုရီးယားအစိုးရနှင့် ကိုရီးယားပြည်သူလူထု၌ အတွေ့အကြုံများစွာ ရှိခဲ့ပါကြောင်း၊ ယင်းအတွေ့အကြုံများကို မြန်မာနိုင်ငံနှင့် မြန်မာပြည်သူတို့အား ဝေမျှပေးစေလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကိုရီးယားသမ္မတနိုင်ငံ သမ္မတက မိမိအနေဖြင့် နှစ်ပေါင်း ၃၀ ကာလအတွင်း မြန်မာနိုင်ငံသို့ ပထမဆုံး လာရောက်လည်ပတ်သည့် ကိုရီးယားသမ္မတနိုင်ငံ သမ္မတအဖြစ် လာရောက်ခွင့်ရသည့်အတွက် များစွာဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ အဆွေတော်သမ္မတကြီးအား မိတ်ဆွေသစ်နှင့် အလွန်ရင်းနှီးသော မိတ်ဆွေအဖြစ် မှတ်ယူပါကြောင်း၊ ယခုအခါ မြန်မာနိုင်ငံသည် နိုင်ငံသစ်၊ ခေတ်သစ်ကို ထူထောင်လျက်ရှိပြီး ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများ ရှင်သန်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိခြင်းကြောင့် နိုင်ငံတကာအသိုက်အဝန်းတွင် မိတ်ဆွေများ တိုးပွားလျက်ရှိပြီး မြန်မာနိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုကို ထပ်မံ၍ အထောက်အကူပြုနိုင်လိမ့်မည်ဖြစ်ပါကြောင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို မဖြစ်မနေလိုအပ်ချက်အဖြစ် မြန်မာနိုင်ငံက မှတ်ယူဆောင်ရွက်နေခြင်းသည် အလွန်မှန်ကန်သောလမ်းကြောင်းရွေးချယ်မှုပင်ဖြစ်ပါကြောင်း၊ ကိုရီးယားနိုင်ငံ၏ ဖွံ့ဖြိုးရေးတွင်လည်း လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးသည် အလွန် အရေးပါသောကဏ္ဍမှ ပါဝင်ခဲ့ကြောင်း၊ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံရေးရာ သန္နိဋ္ဌာန်ပြင်းပြမှု၊ ကောင်းမွန်သော စီမံချက်ထားရှိမှုနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့ လိုအပ်ပါကြောင်း၊ မိမိအနေဖြင့် ယခုခရီးစဉ်တွင် မိမိနိုင်ငံမှ တာဝန်ရှိပုဂ္ဂိုလ်အများအပြားကိုပါ အတူတကွခေါ်ဆောင်လာခဲ့ပြီး လက်တွေ့စတင်၍ ပူးပေါင်းဆောင်ရွက်လုပ်ကိုင်သွားရန် ရည်ရွယ်ထားပါကြောင်းဖြင့် ပြန်လည်ပြောကြားသည်။

ယင်းနောက် နှစ်နိုင်ငံသမ္မတတို့သည် ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးမြှင့်ခိုင်မာရေး၊ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် နည်းပညာအကူအညီပေးရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ဘဏ္ဍာရေး၊ ကုန်သွယ်ရေး၊ စီးပွားရေး၊ ပညာရေး၊ အခြေခံ အဆောက်အအုံများတည်ဆောက်ရေး၊ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ခရီးသွားလုပ်ငန်းနှင့် သယ်ယူပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ သိပ္ပံနှင့်နည်းပညာ၊ စွမ်းအင်နှင့် သတ္တုကဏ္ဍများတွင် ပိုမိုပူးပေါင်းဆောင်ရွက်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ (သတင်းစဉ်)

## ❍ ရှေ့ဖုံးမှ

ကုန်သွယ်ရေးဝန်ကြီးဌာနဝန်ကြီး H.E. Mr. KIM Sung- Hwan၊ စီးပွားရေးအသိပညာဆိုင်ရာဝန်ကြီး H.E. Mr. HONG Suk Woo၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Kim Hae-Yongနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

တွေ့ဆုံရာတွင် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ခိုင်မာရေး၊ ကိုရီးယားသမ္မတနိုင်ငံမှ တရားဝင်ဖွံ့ဖြိုးမှု အကူအညီနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ရန်ပုံငွေဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား ဘက်စုံကဏ္ဍစုံ၌ အကျိုးတူပူးပေါင်းဆောင်ရွက်ရေး၊ စီးပွားရေးရင်းနှီးမြှုပ်နှံမှု တိုးမြှင့် ဆောင်ရွက်ရေးနှင့် ဒေသဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

(သတင်းစဉ်)

## ✻ ကျောဖုံးမှ

ထိုသို့တွေ့ဆုံရာတွင် ဧည့်သည်တော် မစ္စတာဝမ်ဂန်းက နှုတ်ခွန်းဆက်စကားပြောကြားရာ၌ မိမိမြန်မာနိုင်ငံသို့ မလာရောက်မီ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာ ဟူကျင်ထောင်းက အဆွေတော် သမ္မတအားရင်းရင်းနှီးနှီး နှုတ်ခွန်းဆက်သလျက် ဆုမွန်ကောင်းတောင်းအပ်ပါသည်ဟု အမှာစကားပါးလိုက်ပါကြောင်း၊ နှစ်နိုင်ငံ သံတမန်ဆက်သွယ်ရေးထူထောင်သည့် နှစ်ပေါင်း ၆၀ ကျော် ကာလတစ်လျှောက်လုံး တရုတ်-မြန်မာ နှစ်နိုင်ငံ ခေါင်းဆောင် အဆက်ဆက်ပျိုးထောင်ခဲ့သည့် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုသည် နိုင်ငံတကာ ပြောင်းလဲမှုများ၏ မှတ်ကျောက်တင်ခံနိုင်ခဲ့ပြီး ကြံ့ကြံ့ခံရပ်တည်နိုင်ခဲ့ပါကြောင်း။

ယခုနှစ်များအတွင်း နှစ်နိုင်ငံထိပ်သီးခေါင်းဆောင်များ အပြန်အလှန် လည်ပတ်ခဲ့ကြခြင်းဖြင့် အပြန်အလှန်ယုံကြည်မှု တိုးပွားလာပါကြောင်း၊ ကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဖလှယ်ဆောင်ရွက်မှုများတွင်လည်း အောင်မြင်မှုများစွာ ရရှိနိုင်ခဲ့ပါကြောင်း၊ ၂၀၁၁ ခုနှစ်အတွင်း အဆွေတော်သမ္မတကြီး၏ တရုတ်နိုင်ငံခရီးစဉ်၌ တရုတ်နိုင်ငံ သမ္မတကြီး မစ္စတာ ဟူကျင်ထောင်းနှင့် တွေ့ဆုံခဲ့ရာတွင် နှစ်နိုင်ငံဘက်စုံ မဟာဗျူဟာမြောက် ဆက်ဆံရေး မိတ်ဖက်နိုင်ငံများအဖြစ် မြှင့်တင်နိုင်ရန် သဘောတူခဲ့ကြခြင်းဖြင့် နှစ်နိုင်ငံဆက်ဆံရေး အခန်းကဏ္ဍသစ် ဖွင့်လှစ်ခဲ့ပြီးဖြစ်ကြောင်း၊ နှစ်ပေါင်း ၆၀ ကျော်ကာလအတွင်း နှစ်နိုင်ငံဆက်ဆံရေး ကောင်းမွန်စွာ တိုးတက်လာခြင်းသည် အမြဲတမ်း တန်းတူရည်တူဆက်ဆံခြင်း၊ အပြန်အလှန် ရိုသေလေးစားခြင်း၊ နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းမှု Win -Win Situation တို့အတွက် ပူးပေါင်းကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းကြောင့် ဖြစ်ပါကြောင်း။

ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး (၅) ချက်၏ အဓိကအနှစ်သာရမှာ အပြန်အလှန် ရိုသေလေးစားမှု၊ တန်းတူရည်တူ ဆက်ဆံမှုနှင့် အခြားနိုင်ငံ၏ ပြည်တွင်းရေးကို အခြားနိုင်ငံက ဝင်ရောက်စွက်ဖက်မှု မပြုရေးတို့ပင် ဖြစ်ပါကြောင်း၊ အနောက်နိုင်ငံများ၏ ပိတ်ဆို့တားဆီးမှုများအား မိမိတို့ ရှေးမဆွကပင် လက်မခံပါကြောင်း။

နှစ်နိုင်ငံ ပြည်သူပြည်သားများ၏ ကောင်းကျိုးသယ်ပိုးနိုင်ရေးအတွက် တရုတ်နိုင်ငံက အမြဲတမ်းဆန္ဒရှိ နေပါကြောင်း။

အဆွေတော်သမ္မတကြီး ဦးဆောင်၍ ပြည်တွင်းပြည်ပ ဆက်ဆံရေးများ တက်ကြွစွာ ဆောင်ရွက်လာခဲ့ခြင်းကြောင့် စီးပွားရေးတိုးတက်မှု၊ ပြည်သူများ၏ လူမှုစီးပွားရေးဘဝ တိုးတက်လာ၍ အောင်မြင်မှုများအပေါ် စိတ်ရင်းစေတနာဖြင့် ဝမ်းသာပီတိ ဖြစ်မိပါကြောင်း၊ မြန်မာနိုင်ငံ၏ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများကို တရုတ်နိုင်ငံက အမြဲတမ်း ထောက်ခံအားပေးသွားမည်ဖြစ်ကြောင်း။

နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် မြန်မာနိုင်ငံ၏ အမျိုးဂုဏ်ဇာတိဂုဏ်ကို အမြဲတမ်းရိုသေလေးစားရေး၊ မြန်မာနိုင်ငံ၏ တည်ငြိမ်ရေး၊ အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြုသဘောဆောင်သော ကူညီမှုများ အမြဲတမ်း ပေးအပ်သွားစေလိုပါကြောင်း။

အဆွေတော် သမ္မတကြီး၏ ဦးဆောင်မှုအောက်မှ မြန်မာနိုင်ငံ ပြည်သူပြည်သားအပေါင်းတို့၏ ကြိုးပမ်းဆောင်ရွက်မှုများသည် ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်သို့ မလွဲမသွေ ရောက်ရှိနိုင်မည်ဟု တရုတ်နိုင်ငံက အမြဲတမ်း ယုံကြည်ပါကြောင်းနှင့် တရုတ်နိုင်ငံမှ ဦးလည်မသုန် ထောက်ခံအားပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

# ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာအီမြောင်ဘတ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ ရောက်ရှိ

နေပြည်တော် မေ ၁၄

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာအီမြောင်ဘတ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ရောက်ရှိလာသည်။**

ရှေးဦးစွာ ဧည့်သည်တော် ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာအီမြောင်ဘတ်အား တိုင်းရင်းသားတိုင်းရင်းသူလေးများက ဂုဏ်ပြုပန်းစည်းကမ်း၍ ဂါရဝပြုကြိုဆိုကြပြီး ဂုဏ်ပြုတပ်ဖွဲ့ကလည်း အလေးပြုကြိုဆိုကြသည်။

ယင်းနောက် ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာအီမြောင်ဘတ် ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Kim Hae-Yong နှင့် သံရုံးမှတာဝန်ရှိသူများက ကြိုဆို နှုတ်ဆက်ကြသည်။

ထို့နောက် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ခေတ္တတည်းခိုမည့် အမရဟိုတယ်သို့ မော်တော်ယာဉ်များဖြင့် သွားရောက်ကြရာ လေဆိပ်အထွက် လမ်းဘေးဝဲယာ၌ ကျောင်းသား ကျောင်းသူလေးများက နှစ်နိုင်ငံ အလံငယ်များကို ဝှေ့ယမ်း၍ ကြိုဆိုနှုတ်ဆက်ကြသည်။

(သတင်းစဉ်)

**သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**




**ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာအီမြောင်ဘတ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ ရောက်ရှိလာစဉ်။**

(သတင်းစဉ်)



* ကျောဖုံးမှ

ထိုသို့တွေ့ဆုံရာတွင် ဧည့်သည်တော် မစ္စတာဝမ်ဂန်းက နှုတ်ခွန်းဆက်စကား ပြောကြားရာ၌ မိမိမြန်မာနိုင်ငံသို့ မလာရောက်မီ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာ ဟူကျင်ထောင်းက အဆွေတော် သမ္မတအားရင်းရင်းနှီးနှီး နှုတ်ခွန်းဆက်သလျက် ဆုမွန်ကောင်းတောင်းအပ်ပါသည်ဟု အမှာစကားပါးလိုက်ပါကြောင်း၊ နှစ်နိုင်ငံ သံတမန်ဆက်သွယ်ရေးထူထောင်သည့် နှစ်ပေါင်း ၆၀ ကျော် ကာလတစ်လျှောက်လုံး တရုတ်-မြန်မာ နှစ်နိုင်ငံ ခေါင်းဆောင် အဆက်ဆက်ပျိုးထောင်ခဲ့သည့် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုသည် နိုင်ငံတကာ ပြောင်းလဲမှုများ၏ မှတ်ကျောက်တင်ခံနိုင်ခဲ့ပြီး ကြံ့ကြံ့ခံရပ်တည်နိုင်ခဲ့ပါကြောင်း။

ယခုနှစ်များအတွင်း နှစ်နိုင်ငံထိပ်သီးခေါင်းဆောင်များ အပြန်အလှန် လည်ပတ်ခဲ့ကြခြင်းဖြင့် အပြန်အလှန်ယုံကြည်မှု တိုးပွားလာပါကြောင်း၊ ကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဖလှယ်ဆောင်ရွက်မှုများတွင်လည်း အောင်မြင်မှုများစွာ ရရှိနိုင်ခဲ့ပါကြောင်း၊ ၂၀၁၁ ခုနှစ်အတွင်း အဆွေတော်သမ္မတကြီး၏ တရုတ်နိုင်ငံခရီးစဉ်၌ တရုတ်နိုင်ငံ သမ္မတကြီး မစ္စတာ ဟူကျင်ထောင်းနှင့် တွေ့ဆုံခဲ့ရာတွင် နှစ်နိုင်ငံဘက်စုံ မဟာဗျူဟာမြောက် ဆက်ဆံရေး မိတ်ဖက်နိုင်ငံများအဖြစ် မြှင့်တင်နိုင်ရန် သဘောတူခဲ့ကြခြင်းဖြင့် နှစ်နိုင်ငံ ဆက်ဆံရေး အခန်းကဏ္ဍသစ် ဖွင့်လှစ်ခဲ့ပြီးဖြစ်ကြောင်း၊ နှစ်ပေါင်း ၆၀ ကျော် ကာလအတွင်း နှစ်နိုင်ငံဆက်ဆံရေး ကောင်းမွန်စွာ တိုးတက်လာခြင်းသည် အမြဲတမ်း တန်းတူရည်တူဆက်ဆံခြင်း၊ အပြန်အလှန် ရိုသေလေးစားခြင်း၊ နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းမှု Win -Win Situation တို့အတွက် ပူးပေါင်းကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းကြောင့် ဖြစ်ပါကြောင်း။

ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး (၅) ချက်၏ အဓိကအနှစ်သာရမှာ အပြန်အလှန် ရိုသေလေးစားမှု၊ တန်းတူရည်တူ ဆက်ဆံမှုနှင့် အခြားနိုင်ငံ၏ ပြည်တွင်းရေးကို အခြားနိုင်ငံက ဝင်ရောက်စွက်ဖက်မှု မပြုရေးတို့ပင် ဖြစ်ပါကြောင်း၊ အနောက်နိုင်ငံများ၏ ပိတ်ဆို့တားဆီးမှုများအား မိမိတို့ ရှေးမဆွကပင် လက်မခံပါကြောင်း။

နှစ်နိုင်ငံ ပြည်သူပြည်သားများ၏ ကောင်းကျိုးသယ်ပိုးနိုင်ရေးအတွက် တရုတ်နိုင်ငံက အမြဲတမ်းဆန္ဒရှိ နေပါကြောင်း။

အဆွေတော်သမ္မတကြီး ဦးဆောင်၍ ပြည်တွင်းပြည်ပ ဆက်ဆံရေးများ တက်ကြွစွာ ဆောင်ရွက်လာခဲ့ခြင်းကြောင့် စီးပွားရေးတိုးတက်မှု၊ ပြည်သူများ၏ လူမှုစီးပွားရေးဘဝ တိုးတက်လာ၍ အောင်မြင်မှုများအပေါ် စိတ်ရင်းစေတနာဖြင့် ဝမ်းသာပီတိ ဖြစ်မိပါကြောင်း၊ မြန်မာနိုင်ငံ၏ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများကို တရုတ်နိုင်ငံက အမြဲတမ်း ထောက်ခံအားပေးသွားမည်ဖြစ်ကြောင်း။

နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် မြန်မာနိုင်ငံ၏ အမျိုးဂုဏ်ဇာတိဂုဏ်ကို အမြဲတမ်းရိုသေလေးစားရေး၊ မြန်မာနိုင်ငံ၏ တည်ငြိမ်ရေး၊ အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြုသဘောဆောင်သော ကူညီမှုများ အမြဲတမ်း ပေးအပ်သွားစေလိုပါကြောင်း။

အဆွေတော် သမ္မတကြီး၏ ဦးဆောင်မှုအောက်မှ မြန်မာနိုင်ငံ ပြည်သူပြည်သားအပေါင်းတို့၏ ကြိုးပမ်းဆောင်ရွက်မှုများသည် ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်သို့ မလွဲမသွေ ရောက်ရှိနိုင်မည်ဟု တရုတ်နိုင်ငံက အမြဲတမ်း ယုံကြည်ပါကြောင်းနှင့် တရုတ်နိုင်ငံမှ ဦးလည်မသုန် ထောက်ခံအားပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ အီမြောင်ဘတ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် မေ ၁၄

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နေပြည်တော်၌ ရောက်ရှိနေသည့် ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ အီမြောင်ဘတ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။**

ညစာစားပွဲအခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးသိန်းစိုး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးညွန့်လှိုင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ အီမြောင်ဘတ်နှင့်အတူ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. KIM Sung-Hwan၊ စီးပွားရေး အသိပညာဆိုင်ရာဝန်ကြီး H.E. Mr. HONG Suk Woo၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Kim Hae- Yong နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ညစာမသုံးဆောင်မီနှင့်သုံးဆောင်နေစဉ်အတွင်း ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက တေးသံသာများဖြင့် ဖျော်ဖြေကြသည်။

ဂုဏ်ပြုညစာစားပွဲအပြီးတွင် ဧည့်သည်တော် ကိုရီးယားသမ္မတနိုင်ငံ သမ္မတ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက တေးသံသာများနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှုအကပဒေသာများဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဧည့်သည်တော် ကိုရီးယားသမ္မတနိုင်ငံ သမ္မတအား ခရီးစဉ်မှတ်တမ်းအယ်လ်ဘမ်ကို ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ကိုရီးယားသမ္မတနိုင်ငံ သမ္မတတို့သည် ဖျော်ဖြေကြသော အနုပညာရှင်များအား လက်ဆောင်ပန်းခြင်းများ ပေးအပ်ကြပြီး အနုပညာရှင်များနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

(သတင်းစဉ်)



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ အီမြောင်ဘတ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။**

(သတင်းစဉ်)

နိုင်ငံတော်သမ္မတက ပြန်လည်ပြောကြားရာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာ ဟူကျင်ထောင်း၏ နှုတ်ဆက်စကားပါးလိုက်မှုအပေါ် ကျေးဇူးတင်ရှိပါကြောင်း၊ တရုတ်နိုင်ငံ အနောက်မြောက်ပိုင်းတွင် ရာသီဥတုဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများအတွက် တရုတ်နိုင်ငံ မိသားစုများအပေါ် စာနာမိကြောင်း ပြောကြားလိုပါကြောင်း၊ ယခင်နှစ် မေလအတွင်း မိမိတို့အစိုးရ တာဝန်ယူပြီးနောက် တရုတ်နိုင်ငံသို့ ဦးစွာ သွားရောက်လည်ပတ်ခဲ့ရာ၌ သမ္မတကြီး ဟူကျင်ထောင်းနှင့် ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်နိုင်ငံအဖြစ် တိုးမြှင့်နိုင်ခဲ့၍ များစွာ ကျေနပ်ဝမ်းမြောက်မိပါကြောင်း၊ နှစ်နိုင်ငံ သံတမန်ထူထောင်မှု နှစ်ပေါင်း ၆၀ ကျော်အတွင်း နှစ်နိုင်ငံ အကြီးအကဲများ အပြန်အလှန် လည်ပတ်ခြင်း၊ ရင်းနှီးချစ်ခင်စွာ နေထိုင်ခြင်းတို့သည် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးတက်ခိုင်မာစေပါကြောင်း။

မိမိတို့နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုကို ရေရှည်ဆက်လက်တည်တံ့တိုးမြှင့်ရန် ဆန္ဒရှိပါကြောင်း၊ လွန်ခဲ့သည့် နှစ်ပေါင်း ၂၀ ကျော်အတွင်း မြန်မာနိုင်ငံဘက်မှ အမြဲတမ်း ထောက်ခံအားပေးခဲ့ခြင်း၊ အချို့ကိစ္စရပ်များတွင် ခက်ခဲနက်ရှိုင်းစွာ ရပ်တည်ပေးခဲ့ခြင်းများအတွက် အမြဲတမ်းကျေးဇူးတင်ရှိနေမည် ဖြစ်ပါကြောင်း။

လက်ရှိ အခြေအနေတွင် မြန်မာနိုင်ငံ၏ နိုင်ငံ့မဏ္ဍိုင်ကြီး (၃)ရပ် ဟန်ချက်ညီစွာ ဆောင်ရွက်နေပြီဖြစ်သော်လည်း ဒီမိုကရေစီအတွေ့အကြုံ အလေ့အကျင့်နည်းပါးသေး၍ ပြုပြင်ပြောင်းလဲမှု ခြေလှမ်းတိုင်းကို သတိထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ ဒီမိုကရေစီ ရှင်သန်ပြည့်စုံရေးအတွက် အဓိကကျသည့် အကြောင်းအချက် (၂)ရပ်ဖြစ်သော တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ တိုင်းပြည်တည်ငြိမ် အေးချမ်းရေးအတွက် ပြည်တွင်းနိုင်ငံရေးအဖွဲ့အစည်းများနှင့် လက်တွဲဆောင်ရွက်လျက်ရှိပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့်လည်း ငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်လျက်ရှိရာတွင် အဖွဲ့ ၁၀ ဖွဲ့နှင့် နားလည်မှု၊ ငြိမ်းချမ်းမှုရရှိခဲ့ပြီး တရုတ်နိုင်ငံနှင့် နယ်နိမိတ်ချင်း ဆက်စပ်လျက်ရှိသော အစိတ်အပိုင်းတစ်ခုဖြစ်သည့် ကချင်ပြည်နယ်တွင်သာ ငြိမ်းချမ်းရေးရရှိရန် ကျန်ရှိနေပါကြောင်း၊ နှစ်နိုင်ငံ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးအတွက် တရုတ်နိုင်ငံခေါင်းဆောင်များနှင့် ပြည်သူများက အထူးလိုလားလျက်ရှိသကဲ့သို့ မိမိတို့ကလည်း အထူးကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ တရုတ်နိုင်ငံအနေဖြင့်လည်း ဝိုင်းဝန်းကူညီပံ့ပိုးပေးစေလိုပါကြောင်း။

မြန်မာပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့နိုင်ငံအပေါ် ပိတ်ဆို့တားဆီးမှုများ အလုံးစုံဖယ်ရှားခြင်းမရှိသေး၍ ပြည်ပရင်းနှီးမြှုပ်နှံမှုများသည်လည်း ရဲရဲတင်းတင်းလာရောက်၍ ရေရှည်ရင်းနှီးမြှုပ်နှံနိုင်ခြင်း မရှိသေးပါကြောင်း၊ ထို့ကြောင့် တားဆီးပိတ်ဆို့မှုများ ဖယ်ရှားနိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ လွန်ခဲ့သည့် နှစ် ၂၀ ကျော်ကာလအတွင်း မိမိတို့နိုင်ငံအား စီးပွားရေးရင်းနှီးမြှုပ်နှံမှု အကူအညီများ ပေးအပ်ခဲ့ခြင်းအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ တရုတ်နိုင်ငံ၏ One China Policy ကို မြန်မာနိုင်ငံက အမြဲတမ်းရပ်တည်ထောက်ခံသွားမည်ဖြစ်ကြောင်း။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာ ဟူကျင်ထောင်း၊ ဝန်ကြီးချုပ် မစ္စတာ ဝမ်ကျားပေါင်နှင့် တရုတ်နိုင်ငံခေါင်းဆောင်များ ကျန်းမာပါစေကြောင်း ဆုမွန်ကောင်းပို့သလိုက်ပါကြောင်းဖြင့် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပြောကြားကြသည်။

ယင်းသို့ တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေး၊ သမ္မတရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ အမှတ်(၁)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ဧည့်သည်တော် မစ္စတာ ဝမ်ဂန်းနှင့်အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီကျွင်းဟွာနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

(သတင်းစဉ်)

## တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် တရုတ်အမျိုးသားကော်မတီ၏ ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံညီလာခံ ဒုတိယဥက္ကဋ္ဌ မစ္စတာ ဝမ်ဂန်း ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ မန္တလေးမြို့သို့ ရောက်ရှိ

**နေပြည်တော် မေ ၁၄**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် တရုတ်အမျိုးသားကော်မတီ၏ ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံညီလာခံ ဒုတိယဥက္ကဋ္ဌ မစ္စတာ ဝမ်ဂန်း ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးခရီး လည်ပတ်ရန် ယမန်နေ့ နံနက် ၁၁ နာရီ ၅၅ မိနစ်တွင် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အထူးလေယာဉ်ဖြင့် ရောက်ရှိလာရာ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမောင်၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဝင်းလှိုင်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ ဗဟိုအလုပ်အမှုဆောင် ဦးအောင်ထွန်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီကျွင်းဟွာ၊ ကောင်စစ်ဝန်ချုပ် မစ္စတာ ယူဘိုရင်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် မြနန်းစံကျော် ရွှေနန်းတော်နှင့် ယဉ်ကျေးမှုပြတိုက်တို့ကို လေ့လာပြီး မန္တလေးတောင် ဆုတောင်းပြည့်မြတ်စွာဘုရားအား ကြည်ညိုကာ မန္တလေးမြို့ ရှုခင်းအလှကို ကြည့်ရှုကြသည်။ ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုး၍ အလှူငွေများကိုလည်း ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် မစ္စတာ ဝမ်ဂန်း ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်က မန္တလေးမြို့ ဆီဒိုးနားဟိုတယ် ဧည့်ခန်းမ၌ တွေ့ဆုံနှုတ်ဆက်ကာ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်သည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဆီဒိုးနားဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ဂုဏ်ပြုညစာစားပွဲ အပြီးတွင် ဧည့်သည်တော်မစ္စတာဝမ်ဂန်းက ဧည့်ခံဖျော်ဖြေကြသည့် အနုပညာရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ ဂုဏ်ပြုပန်းခြင်းပေးအပ်သည်။

အဆိုပါ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၈ နာရီ မိနစ် ၂၀ တွင် အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ဆက်လက်ထွက်ခွာသွားသည်။ (သတင်းစဉ်)



**မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် တရုတ်အမျိုးသားကော်မတီ၏ ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံညီလာခံ ဒုတိယဥက္ကဋ္ဌ မစ္စတာ ဝမ်ဂန်းတို့ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြစဉ်။** (သတင်းစဉ်)



# ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ အားကစားဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေး

**နေပြည်တော် မေ ၁၄**

အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူသည် မေ ၁၁ ရက်တွင် ချင်းပြည်နယ် မင်းတပ်မြို့၌ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာဘမောင်၊ ပြည်နယ်ပညာရေးမှူး ဦးဖေတင်၊ ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ဌာနဆိုင်ရာများနှင့် တွေ့ဆုံ၍ အားကစားဖွံ့ဖြိုးတိုးတက်ရေး၊ အားကစားနှင့် ပညာရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အရ အခြေခံပညာကျောင်းများတွင် ကာယချိန်များ၌ ကျောင်းသားများ အားကစားနည်းတစ်ခုခုကို စနစ်တကျ သင်ကြားခွင့်ရရှိရေး ဆွေးနွေးပြီး မင်းတပ်မြို့နယ်နှင့် ကန်ပက်လက်မြို့နယ် အထက်တန်းကျောင်းများအတွက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီကချီးမြှင့်သော အားကစားအလှူငွေနှင့် အားကစားဝတ်စုံများကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ မင်းတပ်မြို့နယ်နှင့် ကန်ပက်လက်မြို့နယ် အထက်တန်းကျောင်းများအတွက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီက ချီးမြှင့်သော အားကစားအလှူငွေနှင့် အားကစားဝတ်စုံများကို တာဝန်ရှိသူတစ်ဦးထံ ပေးအပ်စဉ်။**

(သတင်းစဉ်)

# ကာကွယ်ရေးဝန်ကြီးဌာနအတွက် AFC(C)လိုင်စင်နည်းပြနှင့် ဒိုင်လူကြီးသင်တန်းဖွင့်ပွဲ ကျင်းပ

**နေပြည်တော် မေ ၁၄**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF) နှင့် အာရှဘောလုံးအဖွဲ့ချုပ် (AFC) တို့ ပူးပေါင်းစီစဉ်သည့် AFC(C) Certificate Coaching Course & MA Referee's Course for Ministry of Defence သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီက MFF ရုံးချုပ် သင်တန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သင်တန်းသားများအား တစ်ဦးချင်းမိတ်ဆက်ပေးပြီးနောက် MFF ဥက္ကဋ္ဌ ဦးဇော်ဇော်က "အခု သင်တန်းတက်ရောက်ကြတဲ့ သင်တန်းသားတွေက လူငယ်တပ်မတော်အရာရှိတွေ၊ အကြပ်စစ်သည်တွေ ဖြစ်တာကြောင့် မြန်မာ့ဘောလုံးလောကအတွက် အားရကျေနပ်စရာပဲဖြစ်ပါတယ်။ မြန်မာ့လက်ရွေးစင်အသင်း အောင်မြင်မှုရခဲ့တဲ့ အာရှအိုလံပစ်နဲ့ အာရှဖလားပြိုင်ပွဲတွေ၊ အသန့်ရှင်းဆုံးဆုရခဲ့တဲ့ ၁၉၇၂ မြူးနစ် အိုလံပစ်ပြိုင်ပွဲတွေ စသဖြင့် ရွှေခတ်မြန်မာ့ဘောလုံးလောကမှာ မဟာဒူး၊ တင်အောင်(ဂိုး)၊ ဘရီ စတဲ့တပ်မတော်သား လက်ရွေးစင်ကစားသမားတွေနဲ့ ဒိုင်လူကြီးတွေရဲ့အခန်းကဏ္ဍဟာ များစွာ အရေးပါခဲ့ပါတယ်။ ဒီသင်တန်းကနေ မြန်မာ့ ဘောလုံးလောကအတွက် အားထားရမယ့် မျိုးဆက်သစ်နည်းပြတွေ၊ ဒိုင်လူကြီးတွေ ပေါ်ထွက်လာလိမ့်မယ်လို့ ယုံကြည်ပါတယ်"ဟု အမှာစကား ပြောကြားသွားသည်။

ထို့နောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ဘောလုံးအလုံး ၃၀၀ အား ပေးအပ်လှူဒါန်းရာ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်တင်မောင်ဝင်းက လက်ခံရယူပြီး သင်တန်းသားများနှင့် အတူ အမှတ်တရ ဓာတ်ပုံရိုက်ကာ **(အောက်ပုံ)** အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။ AFC(C) Certificate Coaching Course သင်တန်းသို့ သင်တန်းသား ၃၂ ဦး၊ MA Referee's Course သင်တန်းသို့ သင်တန်းသား ၃၂ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ဒိုင်လူကြီးများအတွက် ငါးရက်နှင့် နည်းပြများအတွက် နှစ်ပတ်ကြာမြင့်မည်ဖြစ်သည်။

ဇော်မင်းအောင် (၁၀၇)



# ရောဝတီယူနိုက်တက် ဒုတိယနေရာရောက်လာ

**သတင်းနှင့်ဓာတ်ပုံ ရှိုင်းထက်ဇော်**

**ရန်ကုန် မေ ၁၄**

MNL Myanmar 2012 အမှတ်ပေးဘောလုံးပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ်(၁၄) တတိယနေ့ပွဲစဉ်များကို ယနေ့ ညနေပိုင်းက ဆက်လက်ကျင်းပရာ ရောဝတီယူနိုက်တက်အသင်းနှင့် Southern အသင်းတို့ အနိုင်ရရှိသွားသည်။

(သုဝဏ္ဏကွင်း)
ရောဝတီယူနိုက်တက်-နှစ်ဂိုး
(မင်းမင်းသူနှင့်အောင်ကျော်မျိုး)
ဇေယျာရွှေမြေ-တစ်ဂိုး
(မာတင်)

ခုနစ်ပွဲဆက် အနိုင်ရလဒ်နှင့်အတူ ရောဝတီတို့ အမှတ်ပေးဇယား ဒုတိယနေရာအထိ တက်လှမ်းလာနိုင်ခဲ့သည်။ အမှတ်တူ နှစ်သင်းတွေ့ဆုံသောပွဲဖြစ်၍ ပွဲမှာ အကြိတ်အနယ်ရှိခဲ့ပြီး အခွင့်အရေးကိုပိုမိုအသုံးချနိုင်သည့် ရောဝတီအသင်းက အနိုင်ရရှိသွားခြင်းဖြစ်သည်။ ဇေယျာရွှေမြေအသင်းမှာ တိုက်စစ်မှူး ဆာဆာ ပွဲပယ်ခံထားရ၍ကျော်ကိုကိုနှင့် စိုးမြတ်သူတို့ကို တိုက်စစ်မှာထားကစားခဲ့ပြီး ဦးဆောင်ဂိုးရခဲ့သော်လည်း ထိန်းထားနိုင်ခြင်းမရှိခဲ့ပေ။ ၃၄ မိနစ်တွင်မာတင်က ဇေယျာရွှေမြေအတွက် ဂိုးစတင်သွင်းယူခဲ့သော်လည်း ၃၆ မိနစ်တွင် မင်းမင်းသူက ချေပဂိုး၊ မိနစ် ၆၀တွင် အောင်ကျော်မျိုးက ရောဝတီအတွက် အနိုင်ဂိုးတို့ကို သွင်းယူခဲ့သည်။

(အောင်ဆန်းကွင်း)
Southern - သုံးဂိုး
(ရဲထွန်းနိုင်-နှစ်ဂိုး၊ ဇော်ဝင်းထွန်း-တစ်ဂိုး)
မနောမြေ-ဂိုးမရှိ

Southern တို့ ဒုတိယအကျော့အစတွင် ပုံမှန်ခြေစွမ်းပြလာရပြီး ပထမအကျော့က မနောမြေကိုဂိုးပြတ်ရှုံးနိမ့်ခဲ့သည့် ရှုံးကြွေးကိုပြန်ဆပ်နိုင်ခဲ့သည်။

ယနေ့ပွဲ
(အောင်ဆန်းကွင်း)
ဇွဲကပင်ယူနိုက်တက်-နေပြည်တော်



**ဇေယျာရွှေမြေတိုက်စစ်မှူး ကျော်ကိုကိုအား ရောဝတီနောက်ခံလူ ဂျွန် ဟန့်တားနေစဉ်။**

နိုင်ငံတကာ အားကစား နိုင်ငံတကာ အားကစား နိုင်ငံတကာ အားကစား နိုင်ငံတကာ အားကစား



# ကျူပီအာအသင်းခေါင်းဆောင် ဂျိုးဘာတန် ကိုးပွဲပယ် ပြစ်ဒဏ်ချမှတ်ခံရဖွယ်ရှိနေ

**လန်ဒန် မေ ၁၄**

ကျူပီအာအသင်းခေါင်းဆောင် ဂျိုးဘာတန်သည် ပရီမီယာလိဂ်ရာသီပိတ် ပွဲစဉ်(၃၈) ပြိုင်ပွဲဖြစ်သည့် မန်စီးတီးအသင်းနှင့် ကျူပီအာအသင်းပွဲစဉ်တွင် မန်စီးတီး ကစားသမားများဖြစ်သည့် ကားလို့တီဗက်ဇ်အား တံတောင်နှင့်တွက်မှုနှင့် အဂူရိုအား ကန်ခဲ့ခြင်းတို့ကြောင့် အနီကတ်ပြထုတ်ပယ်ခြင်းခံခဲ့ရပြီး ဖီဖာ၏ ကိုးပွဲပယ် ပြစ်ဒဏ်ချမှတ်ခံရဖွယ်ရှိနေသည်။

ဂျိုးဘာတန်၏ ယခုတစ်ကြိမ်အနီကတ်ပြခံရခြင်းမှာ ယခုနှစ်ဘောလုံးရာသီအတွင်း ဒုတိယအကြိမ်မြောက်ဖြစ်ပြီး ဖီဖာက နောက်ထပ်တိုး၍ သုံးပွဲအလိုအလျောက်ကစားခွင့် ပိတ်ပင်မည်ဖြစ်ခြင်းကြောင့် ကိုးပွဲပယ် ပြစ်ဒဏ်ဖြစ်လာနိုင်သည်ဟု မေ ၁၄ ရက် အားကစားသတင်းတစ်ရပ်တွင် ဖော်ပြသည်။

ဂျိုးဘာတန်သည် ၂၀၀၂ ခုနှစ်က မန်စီးတီးအသင်း၌ ၎င်း၏ ဘောလုံးသမားဘဝကို စတင်ခဲ့ပြီး ၂၀၀၇ ခုနှစ် ဇူလိုင်လတွင် ပြောင်းရွှေ့ကြေး ပေါင် ၅ ဒသမ ၈ သန်းဖြင့် နယူးကာဆယ်အသင်းသို့ ရောက်ရှိခဲ့သည်။ နယူးကာဆယ်အသင်း၌ လေးနှစ်ကြာကစားခဲ့ပြီးနောက် ၂၀၁၁ ခုနှစ် ဩဂုတ်လတွင် လက်ရှိကလပ် ကျူပီအာအသင်းသို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်။

ပရီမီယာလိဂ်ပွဲစဉ် (၃၈)အပြီးတွင် မန်စီးတီးအသင်းမှာ အဂူရို၏ နောက်ကျဂိုးဖြင့် ပရီမီယာလိဂ်ဖလားကို ရရှိခဲ့သည်။ ဘော်လ်တန်အသင်း၊ ဘလက်ဘန်းအသင်းနှင့် ဝုလ်ဗာဟမ်တန်အသင်းတို့မှာ တန်းဆင်းသွားပြီး ကျူပီအာအသင်း တန်းဆင်းဇုန်က လွတ်မြောက် သွားခဲ့သော်လည်း ကျူပီအာအသင်းခေါင်းဆောင် ဂျိုးဘာတန်မှာ မန်စီးတီးကစားသမားများအပေါ် ကျူးလွန်ခဲ့သည့် ၎င်း၏ အပြစ်များကြောင့် ပွဲပြင်ပသို့ ရောက်အောင် ပို့ဆောင်ပေးခဲ့သည့် အနီကတ်ပြား၏ အပြစ်ပေးမှုဖြင့် ဖီဖာ၏ ကိုးပွဲပယ်ပြစ်ဒဏ်ကိုမူ ဂျိုးဘာတန်လွတ်မြောက်နိုင်မည် မဟုတ်ကြောင်း သတင်းတွင် ဖော်ပြထားသည်။ ***အင်တာနက်။***

# ဘောလုံးလောကသတင်းတိုများ

- *စပိန်ကလပ် ရီးယဲလ်မက်ဒရစ်အသင်းသည် ဟီဂူအင်အား အသင်း၌ ဆက်လက်ထားရှိရန် ဆုံးဖြတ်ခဲ့ပြီးနောက် နွေရာသီတွင် ကာကာအား ရောင်းချမည်ဖြစ်ကြောင်းနှင့် ကာကာအား ပီအက်စ်ဂျီအသင်းက စိတ်ဝင်စားလျက်ရှိကြောင်း ရီးယဲလ်မက်ဒရစ်အသင်းနည်းပြ မော်ရင်ဟိုက ပြောကြားခဲ့သည်။*
- *တီတိုဗီလာနိုဗာ၏ ဘာစီလိုနာအသင်းသည် ဘူလ်ဂေးရီးယားနှင့် မန်ယူ တိုက်စစ်မှူး ဒီမီတာ ဘာဘာတော့ဗ်အား အပြောင်းအရွှေ့ကာလတွင် ခေါ်ယူစာချုပ်ချုပ်ဆိုနိုင်ရေးအတွက် ဆွေးနွေးမှုများပြုလုပ်ထားသည်ဟု ဆိုသည်။*
- *လီဗာပူးအသင်းနည်းပြ ကင်နီဒဲဂလစ်ရှ်သည် ဆွမ်ဆီးအသင်းအား အနိုင်ရရှိခဲ့ပြီးနောက် ယခုနှစ်နွေရာသီတွင် အသင်းနည်းပြအဖြစ်မှ နုတ်ထွက်မည်လားဆိုသည့် မေးခွန်းနှင့်ပတ်သက်၍ သတင်းထောက်များအား ဖြေကြားခြင်းမရှိဘဲ လျစ်လျူရှုခဲ့သည်ဟု ဆိုသည်။*
- *ပြင်သစ်နှင့် လိုင်လီညာနောက်ခံကစားသမား ဒီဘူချီအား အသင်းမှထွက်ခွာခွင့်ပြုမည်ဟု လိုင်လီအသင်းက ပြောကြားခဲ့ပြီးနောက် မန်ယူနှင့် နယူးကာဆယ်အသင်းတို့က ဒီဘူချီအား ပေါင် ၆ ဒသမ ၅ သန်းဖြင့် ခေါ်ယူရန် အပြိုင်ကြိုးပမ်းလျက်ရှိသည်ဟု ဆိုသည်။*
- *မစ်ဒယ်ဘရော့အသင်းသည် တစ်ပတ်လုပ်ခ ပေါင် ၃၇၅၀၀၀ ရရှိရေး တောင်းဆိုလာသည့် ပို့စ်မောက်တိုက်စစ်မှူး လူကီဗာနေအား စိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။*
- *အေစီမီလန် ဒုတိယဥက္ကဋ္ဌ အက်ဒရိယာနိုဂယ်လီယာနိုသည် အေစီမီလန်၏ သမိုင်းမှတ်တိုင်ကို စိုက်ထူနိုင်ခဲ့သည့် ဂတ်တူဆို၊ နက်စတာ၊ အင်ဇာဂီ စသည့် ကစားသမားများအား အစားထိုး၍ ကစားသမားသစ် ခေါ်ယူရေးမှာ မဖြစ်နိုင်ကြောင်း ပြောကြားခဲ့သည်။*
- *မန်ယူကွင်းလယ်ကစားသမား ပေါလ်စခိုးသည် နိုင်ငံအသင်း၌ ပြန်လည်ကစားခွင့်ရရှိရေးအတွက် အင်္ဂလန်အသင်း မန်နေဂျာသစ် ရွိုင်းဟော့ဂ်ဆန်နှင့် ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိသည်ဟု ဆိုသည်။*
- *ဟားလ်စီးတီးအသင်းသည် လာမည့်ဘောလုံးရာသီတွင် အသင်း၏ မန်နေဂျာအဖြစ် ခန့်အပ်နိုင်ရေးအတွက် ရှက်ဖီးလ်အသင်းမန်နေဂျာ ကီဗင်ဘလက်ဝဲလ်အား ချဉ်းကပ်လျက်ရှိသည်ဟု ဆိုသည်။*

နိုင်လင်းကြည်

**အင်တာနက် ကျန်းမာရေး**

# ငါးစားခြင်းဖြင့် အူမကြီးနှင့် စအိုဆိုင်ရာ ကင်ဆာရောဂါများဖြစ်ပွားမှုမှ ကာကွယ်နိုင်ဖွယ်ရှိ

**သက်ထွေး**



*ငါးများများစားသုံးလေ့ရှိသူများသည် ငါးလုံးဝမစားသူများနှင့် နှိုင်းယှဉ်ပါက အူမကြီးကင်ဆာနှင့် စအိုကင်ဆာ ဖြစ်ပွားမှု သိသိသာသာ လျော့ကျနိုင်ဖွယ်ရှိသည်ဟု လေ့လာချက်တစ်ရပ်က ဆိုထားသည်။*

*အဆိုပါလေ့လာတွေ့ရှိချက်မှာ ငါးစားသုံးခြင်းနှင့် ကင်ဆာရောဂါလက္ခဏာများခွဲခြားခြင်းနှင့် သေဆုံးခြင်းတို့အကြား ဆက်နွယ်မှုများအကြောင်း ယခင်နိုင်ငံတကာလေ့လာချက် ၄၁ ခုအား ဆန်းစစ်လေ့လာရာမှ ထွက်ပေါ်လာသည့် ရလဒ်တစ်ခုဖြစ်သည်။*

*ယင်းလေ့လာဆန်းစစ်တွေ့ရှိချက်များအရ ငါးစားသုံးခြင်းနှင့် စအိုကင်ဆာတို့ အပြန်အလှန် ဆက်နွယ်မှုရှိကြောင်း အကြံပြုနိုင်ပါသည်ဟု တရုတ်နိုင်ငံ ရှီအန်းရှိ ဇီဂျင်းအစာကြေခြင်းနှင့်ဆိုင်သော ရောဂါများဆိုင်ရာဆေးရုံမှ ဂျီလိုင်အန်းနှင့်အဖွဲ့က ဆိုသည်။*

*ခြုံ၍ဆိုရလျှင် ငါးစားသုံးခြင်းသည် အူမကြီးနှင့် စအိုဆိုင်ရာ ကင်ဆာရောဂါများဖြင့် သေဆုံးခြင်း သို့မဟုတ် ဖြစ်ပွားခြင်းတို့ကို ၁၂ ရာခိုင်နှုန်း လျော့ကျစေနိုင်သည်ဟု သိပ္ပံပညာရှင်များက ပြောကြားသည်။ ၎င်းတို့၏ တွေ့ရှိချက်များအရ စအိုကင်ဆာဖြစ်ပွားမှုကာကွယ်ရာတွင် ပိုအကျိုးထိရောက်မှုရှိသည်ဟု ဆိုသည်။*

*ငါးပမာဏအများဆုံးစားသုံးသူများသည် ငါးမစားသူများထက် အူမကြီးကင်ဆာဖြစ်ပွားမှု လေးရာခိုင်နှုန်းလျော့ကျနေချိန်တွင် စအိုကင်ဆာဖြစ်ပွားမှု ၂၁ ရာခိုင်နှုန်း လျော့ကျနိုင်သည်ဟု ဆိုသည်။*

*ကျန်းမာရေးအကျိုးကျေးဇူးအများဆုံးရရန် မည်သို့ချက်ပြုတ်ရမည်ဟူသော နည်းစနစ်များ သို့မဟုတ် မည်သည့်ငါးအမျိုးအစားများက ကျန်းမာရေးအကျိုးကျေးဇူးရနိုင်သည်ကို ထောက်ပြနိုင်ခြင်းမရှိသေးပေ။*

*မီးအပူချိန်များဖြင့် ချက်ပြုတ်ခြင်းသည် အူမကြီးနှင့် စအိုဆိုင်ရာကင်ဆာရောဂါဖြစ်ပွားမှုကို သက်ရောက်မှုရှိနိုင်သည်ဟု ဆိုသည်။ မကြာသေးမီက တွေ့ရှိသည့် အထောက်အထားများအရ မီးအပူပြင်းပြင်းပေါ်တွင် ကင်ထားသည့် (သို့မဟုတ်) ကျပ်တင်ထားသည့် အသားငါးများစားသုံးခြင်းနှင့် ကင်ဆာပိုမိုဖြစ်ပွားမှုတို့ ဆက်စပ်ဖွယ်ရှိသည်ဟု အကြံပြုထားသည်။*

# နှစ်နိုင်ငံပြည်သူများအကြား အပြန်အလှန် နားလည်ရင်းနှီးမှုများ တိုးတက်ဖွံ့ဖြိုးလျက်ရှိ ယင်းအားသာချက်များကို အခြေခံ၍ နှစ်နိုင်ငံဆက်သွယ်ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သွားလို

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်**

# လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို မဖြစ်မနေ လိုအပ်ချက်အဖြစ် မြန်မာနိုင်ငံက မှတ်ယူဆောင်ရွက်နေခြင်းသည် အလွန်မှန်ကန်သောလမ်းကြောင်းရွေးချယ်မှုဖြစ်

**ကိုရီးယားသမ္မတနိုင်ငံသမ္မတ မစ္စတာ အီမြောင်ဘတ်**

နေပြည်တော် မေ ၁၄

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နေပြည်တော်၌ ရောက်ရှိနေသည့် ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ အီမြောင်ဘတ် ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ယနေ့ညနေ ၆ နာရီ ၃၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးသည်။**

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ အမျိုးသား

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ အီမြောင်ဘတ်တို့ နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးကြစဉ်။** (သတင်းစဉ်)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင် မစ္စတာ ဝမ်ဂန်းဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင် မစ္စတာ ဝမ်ဂန်းအား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)

နေပြည်တော် မေ ၁၄

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင် မစ္စတာ ဝမ်ဂန်းဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✱

**ကြော်ငြာအချပ်ပိုပါရှိ**

**ယနေ့ထုတ်ကြေးမုံသတင်းစာတွင် ကြော်ငြာအချပ်ပို လေးမျက်နှာ ပါရှိပါသည်။**